# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်သော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်    ၂၀၂၂ ခုနှစ်၊ ဇွန် ၂၄ ရက်၊ သောကြာနေ့    အတွဲ (၆၁)၊ အမှတ် (၂၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးကြိုချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကေ ၂၉၇၀ စိုက်ပျိုးပြီးဖြစ်၍ ထွက်ရှိလာသည့်မျိုးများကို ဖြန့်ဖြူးပေးမည်

မန္တလေး ဇွန် ၂၃

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှစ်ခရိုင်၌ မိုးကြိုချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကေ ၂၉၇၀ စိုက်ပျိုးပြီးဖြစ်၍ ထွက်ရှိလာသည့် မျိုးများကို ပြန်လည်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က ပြောကြားသည်။

အဆိုပါ မိုးကြိုဝါမျိုးစေ့ထုတ်စိုက်ကေများကို ခရိုင်နှစ်ခရိုင်ရှိ မြို့နယ်ခြောက်မြို့နယ်၌ ကျေးရွာပေါင်း ၅၁ ရွာ၊ တောင်သူပေါင်း ၁၆၅၀ ဖြင့် ဖေဖော်ဝါရီလနောက်ဆုံးပတ်မှ မတ်လကုန်အထိ စိုက်ပျိုးခဲ့ကြောင်း၊ မျိုးကွဲအလိုက် စိုက်ပျိုးမှုအနေဖြင့် ရွှေတောင်(၈)မျိုးမှာ ကေ ၂၂၀၊ ရွှေတောင်(၁၀)မျိုးမှာ ကေ ၂၇၅၀ စိုက်ပျိုးခဲ့ရာ ဖေဖော်ဝါရီလနောက်ဆုံးပတ် စိုက်ပျိုးခဲ့သည့် ကေများအနေဖြင့် ဝါများစတင်ကောက်ယူနေပြီဖြစ်ပြီး မတ်လကုန်စိုက်ပျိုးခဲ့သည့် စိုက်ကေများအနေဖြင့် ဇူလိုင်လတွင် စတင်ကောက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❖



# ကချင်ပြည်နယ်မှတစ်ဆင့် တစ်ပတ်တာအတွင်း တရုတ်နိုင်ငံသို့ ဒေါ်လာလေးသန်းကျော် ပို့ကုန်များ တင်ပို့နိုင်ခဲ့

နေပြည်တော် ဇွန် ၂၃

ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နှင့်ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ယခုနှစ်ဇွန် ၁၁ ရက်မှ ၁၇ ရက်အတွင်း တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၇၁၈၄၈ ကျော် ရှိခဲ့ကြောင်း မနောမြေကုန်သွယ်မှုဇုံဌာနမှ သတင်းထုတ်ပြန်ထားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍




*ယနေ့ ဖတ်စရာ*

**နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**
ပြည်တွင်းသတင်း | စာ - ၃

**မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်**
ဆောင်းပါး | စာ - ၆

**ဖိလစ်ပိုင်နိုင်ငံ၌ အာဟာရချို့တဲ့မှုပြဿနာ ဖြေရှင်းရေး ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၁၇၈ သန်းကျော် ကူညီ**
နိုင်ငံတကာသတင်း | စာ - ၁၃

# နိုင်ငံ့စီးပွား ဖွံ့ဖြိုးရေးအတွက် ခရီးသွားလုပ်ငန်းနှင့် တည်ငြိမ်အေးချမ်းမှု

ပြီးခဲ့သည့် မေလမှစတင်၍ မြန်မာနိုင်ငံသို့ ခရီးသွားဗီဇာဖြင့် ပြည်ပခရီးသွားဧည့်သည်များ အရေအတွက် ဆယ်ဂဏန်း အနည်းငယ်မျှ ဝင်ရောက်လာခဲ့ရာ ယခုဇွန်လ တတိယပတ်အတွင်း ထိ ၆၀၀ ကျော် ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ကမ္ဘာတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု စတင်ချိန်တွင် ဦးစွာထိခိုက်ဆုံးရှုံးရသည့် စီးပွားရေး လုပ်ငန်းများထဲတွင် ခရီးသွားလုပ်ငန်းများကလည်း ထိပ်ဆုံး၌ ပါဝင်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ရော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ ပြည်ပဝင်ငွေ အမြောက်အမြား ရှာဖွေပေးနိုင်သည့် လုပ်ငန်းဖြစ်သည်။ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးကို အဓိကထားနေ ရဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဝန်ဆောင်မှု စီးပွားရေးကဏ္ဍ တွင် အပါအဝင်ဖြစ်သည့် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း စသည်ဖြင့် ကွဲပြား ခြားနားသော သဘာဝရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေ အနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများ စသည်တို့မှာ ကမ္ဘာ လှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် အရာများ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း အောင်မြင်နိုင်ရန်အတွက် ဟိုတယ်နှင့် တည်းခိုရန်နေရာများ၊ ပြည်တွင်းလမ်းပန်းဆက်သွယ် ရေးများ၊ နိုင်ငံတကာလေဆိပ်များကို အဆင့်မြှင့်တင်ရန်၊ ခရီးသွား များအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်ပလက်ဖောင်းမှတစ်ဆင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူ လျင်မြန်စွာ ရရှိနိုင်အောင် ဖန်တီးပေးထားရန်၊ ခရီးသွားဝန်ဆောင် မှုလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ဆောင်ရွက် နိုင်ရန် အင်တာနက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများကို အဆင့် မြှင့်တင်ရန်၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် ငွေကြေးသုံးစွဲမှုများ အတွက် ဘဏ်လုပ်ငန်းစနစ်များ အဆင့်မြှင့်ရန်၊ ခရီးသည်များကို ဆွဲဆောင်နိုင်ပြီး မိမိတို့နိုင်ငံနှင့်လည်း ကိုက်ညီနိုင်သည့် ခရီးသွား အစီအစဉ်အသစ်များ ဖန်တီးပေးရန်၊ နိုင်ငံ၏ယဉ်ကျေးမှုနှင့် ပြည်သူများ၏ အကျင့်စာရိတ္တတို့ကို မထိခိုက်စေသော ပုံစံများဖြင့် ကမ္ဘာလှည့်ခရီးသည်များ ညဘက်အပန်းဖြေစရာ၊ သွားလာ စားသောက်စရာနေရာများ ဖန်တီးပေးရန် စသည်တို့ကို ခရီးသွား လုပ်ငန်းကျွမ်းကျင်သူတို့က အကြံပြုထားကြသည်ကို တွေ့ရ သည်။

မိမိတို့နိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်မှ ရုန်းထွက် နိုင်ရေး၊ နိုင်ငံ့စီးပွားတိုးတက်လာရေးတို့အတွက် ပထမစီးပွားရေး ဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍမှ စိုက်ပျိုးရေးပြီးလျှင် ဝန်ဆောင် မှုကဏ္ဍမှ ခရီးသွားလုပ်ငန်းမှာ ပြည်ပဝင်ငွေ အမြောက်အမြား ရရှိနိုင်ရန် အခွင့်အလမ်းရှာဖွေကြရမည်ဖြစ်သည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အောင်မြင်မှုရရှိပါက ပြည်တွင်းမှ လုပ်ငန်းရှင် များ၊ စားသောက်ဆိုင်၊ ရိုးရာလက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင် ရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ စသည့်ဆက်စပ်နေသည့် လုပ်ငန်းများတွင်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာ မည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အရေးအကြီးဆုံး ဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြည်သူ လူထု၏ တက်ကြွစွာပါဝင်မှုဖြင့် တည်ဆောက်နိုင်ပါစေ ကြောင်း။ ။

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ် မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါ သည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေး အရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထား ကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွား ခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများ သည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက် ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက် နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် အနက်မှ “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင် ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ် ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများ နှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက် သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး” ဟူသည့် နိုင်ငံရေးဦးတည်ချက် အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ် လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသမီးအားကစားသမား နှစ်ဦးအား ဂုဏ်ပြု

**ထားဝယ် ဇွန် ၂၃**

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် မေလက ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ် ဆွတ်ခူးရရှိခဲ့သော တနင်္သာရီ တိုင်းဒေသကြီးမှ အမျိုးသမီး အားကစားသမား နှစ်ဦးအား ဂုဏ်ပြုပွဲကို ဇွန် ၂၃ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့ သည့် (၃၁) ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ များတွင် ဒုတိယ(ငွေ)တံဆိပ်နှင့် တတိယ(ကြေး)တံဆိပ်ကိုဆွတ်ခူး နိုင်ခဲ့သည်ကို ချီးကျူးဂုဏ်ပြုပါ ကြောင်း၊ တိုင်းဒေသကြီးအတွင်း က မြန်မာ့လက်ရွေးစင်အားကစား မောင်/မယ်များအနေဖြင့် လာမည့် ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက် အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများတွင် ယခုထက်မက ပိုမိုအောင်မြင်မှု ရရှိအောင် အားထုတ်ကြိုးပမ်း ပြင်ဆင်သွား ကြရန်လိုအပ်ကြောင်း ပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂျူဒိုအားကစား ပြိုင်တွင် ဒုတိယ(ငွေ) တံဆိပ် ဆွတ်ခူးရရှိသော သရက်ချောင်း မြို့နယ်မှ မခြူးမြတ်နိုးဝေအား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို လည်းကောင်း (**အပေါ်ပုံ**)၊ လက်ဝှေ့ ပြိုင်ပွဲတွင် တတိယ(ကြေး)တံဆိပ် ဆွတ်ခူးရရှိသော ပုလောမြို့နယ်မှ မအေးငြိမ်းထူးအား ဂုဏ်ပြုဆု ငွေကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**






# ကျိန္တလီမြို့၌ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုးပွဲကျင်းပ

**ကျိန္တလီ ဇွန် ၂၃**

ရခိုင်ပြည်နယ် ကျိန္တလီမြို့၌ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုး ပွဲကို ယနေ့နံနက်ပိုင်းက ကျိန္တလီမြို့ ပုန်းညှက်ကျေးရွာရှိ တောင်သူ ဦးကိုကိုဦးပိုင်စိုက်ခင်း တွင် ပြုလုပ်သည်။(**အပေါ်ပုံ**)

အခမ်းအနားတွင် ဂွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိဒေါက်တာ ပိုင်စိုးဦးက တိရစ္ဆာန်အစာပင် စိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးဖြိုး ဝေလင်း၊ ဂွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာပိုင်စိုးဦး၊ ဌာနဆိုင်ရာ များ၊ တောင်သူများ တက်ရောက် ကာ တေဘူးယန်းနေပီယာမြက် တစ်ကေကို လူထုလှုပ်ရှားမှုပုံစံဖြင့် စနစ်တကျ စိုက်ပျိုးကြောင်း သိရ သည်။ **ကျိန္တလီ(ပြန်/ဆက်)**

# နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၂၃

**နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ (Special Unit on International Criminal Justice) ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

**အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦးပါဝင်**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး နိုင်ငံတကာ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့ (Special Unit on International Criminal Justice) ကို ယခင်က ဥပဒေရေးရာဝန်ကြီးဌာန စစ်ဥပဒေချုပ်ရုံးနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်တစ်ဦးကို ပြောင်းလဲပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် “နိုင်ငံတကာ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ (Special Unit on International Criminal Justice)” ကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အဖွဲ့တွင် ဥပဒေရေးရာဝန်ကြီးဌာနမှ ခေါင်းဆောင်အဖြစ် ပါဝင်လျက် စစ်ဥပဒေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး ပါဝင်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံနှင့်အညီ အထူးအဖွဲ့ကို ဖွဲ့စည်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ကိုယ်စားလှယ်များ၏ အမည်စာရင်းတောင်းခံခဲ့ရာ ကိုယ်စားလှယ်များ၏အမည်စာရင်းများကို လက်ခံရရှိခဲ့သဖြင့် အထူးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထိုအဖွဲ့ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဥပဒေဆိုင်ရာကိစ္စများ ဖြစ်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court–ICC)၊ အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice–ICJ)၊ Ad hoc Tribunal၊ လတ်တလော မြန်မာနိုင်ငံအပေါ် ဆောင်ရွက်လျက်ရှိသော အခြားဖြစ်နိုင်ခြေရှိသည့် ပြည်ပတရားရုံးများ၊ Independent Investigative Mechanism for Myanmar (IIMM)၊ FFM ၊ ICOE ၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများဖြစ်သော Crime against Humanity၊ Genocide၊ War Crime နှင့် Crime of Aggression ၊ IHL အစရှိသည့်ကိစ္စများနှင့် သက်ဆိုင်သည့် အမိပ္ပာယ်ဖွင့်ဆိုချက်များ၊ အမှုစီရင်ထုံးများ၊ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ လေ့လာခြင်း၊ သုံးသပ်တင်ပြခြင်းတို့အပြင် အခြားတစ်ဖက်၏ စွပ်စွဲချက်များ၊ အရေးယူနိုင်ရေး ကြိုးပမ်းပြင်ဆင်နေမှုများနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကို ဥပဒေပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

**လုပ်ငန်းတာဝန်များကို ရေးဆွဲခဲ့ပြီးဖြစ်**

ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အထူးအဖွဲ့ကို အထောက်အကူဖြစ်စေရန်အတွက် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံရေးရာဌာနခွဲ ဌာန –၂၊ ဌာနခွဲ (၄) အောက်တွင် နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာ ဥပဒေဌာနစိတ် (International Criminal Law Branch–ICLB) ကို ဖွဲ့စည်းထားရှိကြောင်း၊ နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ (Special Unit on International Criminal justice ) ၏ ToR (Term of Reference) လုပ်ငန်းတာဝန်များကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များအရ အဆိုပါအထူးအဖွဲ့အနေဖြင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေ၊ တရားစီရင်ရေးတို့နှင့်ပတ်သက်ပြီး အစိုးရ၊ တပ်မတော်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများ အပါအဝင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအပေါ် ဥပဒေရေးရာ သုံးသပ်မှုများ၊ အကြံပြုချက်များပေးရန်၊ နိုင်ငံတကာ ရာဇဝတ်မှုဥပဒေ၏ ဖြစ်ပေါ်တိုးတက်မှုများကိုလေ့လာ၍ ၎င်းတို့၏ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများကို အစိုးရမှ မျက်ခြည်မပြတ်စေရေး စောင့်ကြည့်လေ့လာသုံးသပ်ရန်၊ နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ ၎င်းတို့နှင့် ဆက်စပ်သည့် မြန်မာနိုင်ငံ၏ စစ်ဘက်ဥပဒေ အပါအဝင် အမျိုးသားဥပဒေများကို လေ့လာသုံးသပ်ပြီး လိုအပ်ပါက ရပ်တည်ချက်စာတမ်းများ၊ နိုင်ငံတကာ ဥပဒေဆိုင်ရာ အကြံပြုချက်များ၊ သုတေသနပြုချက်များကို ပြုစုဆောင်ရွက်လျက် အထက်အဆင့် အဖွဲ့အစည်းများသို့ တင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆောင်ရွက်မည့်အကြောင်းအရာများနှင့် လေ့လာဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘာသာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲကျင်းပ




နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။ **(ယာပုံ)**

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအမြင်ဖြင့် ခေတ်မီနည်းပညာအခြေခံသော ထိရောက်လုံခြုံမှုရှိသည့် ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းများအား အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခြင်းမှာ လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝန်ထမ်းများ၏ လက်တွေ့လုပ်ငန်းများနှင့် လေ့လာဆည်းပူးခဲ့သည့် ပညာရပ်များ ပေါင်းစပ်၍ မိမိတို့၏အရည်အသွေးများ တိုးတက်မြင့်မားစေရန် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Asset Classification and Provisioning from Prudential and IFRS Perspectives စာတမ်းနှင့် စပ်လျဉ်း၍ ဒေါ်အေးမြတ်မွန် (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် ဒေါ်သင်းသီတာဆွေ (လက်ထောက်ညွှန်ကြားရေးမှူး) တို့ကလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကြီးကြပ်စစ်ဆေးခြင်း စာတမ်းနှင့်စပ်လျဉ်း၍ ဒေါ်အေးကြူမြင့် (လက်ထောက်ညွှန်ကြားရေးမှူး)ကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ခရိုင် ပြည်သူ့စာကြည့်တိုက်အတွက် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ စာအုပ်များလှူဒါန်း

ပြည် ဇွန် ၂၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းအတွက် ယမန်နေ့နံနက် ၁၀ နာရီက ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association–SVA)မှ စာအုပ်များ လာရောက်လှူဒါန်းသည်။

စာအုပ်များလှူဒါန်းရာတွင် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)မှ ဦးသော်တာစိုးနှင့်အဖွဲ့က ဂျပန်နိုင်ငံမှ မှတ်ပုံတင်ထုတ်ဝေထားသည့် (မြန်မာဘာသာပြန်) ကလေးဖတ် ရုပ်ပြပုံပြင်စာအုပ် ၁၂ မျိုးပါ အုပ် ၆၀ နှင့် စက္ကူပြဇာတ်(တစ်စုံ) တို့ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ခရိုင်ပြန်/ဆက်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးနှင့် ဦးစီးအရာရှိ ဦးအောင်ကိုသန့်တို့ထံ ပေးအပ်လှူဒါန်းရာ လှူဒါန်းမှုအတွက် ခရိုင်ပြန်/ဆက်ဦးစီးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA)မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်အတွင်း မြို့နယ်များဖြစ်သော ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်နှင့် သဲကုန်းမြို့နယ်ရုံး ကလေးစာဖတ်ခန်းများအတွက်လည်း စာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

***❍ ရှေ့ဖုံးမှ***

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ကန် ဒေါ်လာ ၁၉၉၆၁၇၂ ဒသမ ၇၁ ဖြစ်ပြီး ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေး စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၁၇၅၆၇၅ ဒသမ ၆၈ ရှိခဲ့သည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ ပဲယဉ်း၊ နှမ်းနက်၊ ကြံ၊ ဆန်၊ မြေထောက်ပဲ၊ ဆန်ကွဲ၊ ကြိမ်နှင့် မန်ကျည်းမှည့်များ အများဆုံး တင်ပို့ထားပြီး သွင်းကုန်များတွင် သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ အခြားချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ချုပ်ပြီး အဝတ်အထည်များ၊ ဓာတ်မြေဩဇာများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ စက်ဘီး အပိုပစ္စည်းများနှင့် သံပိုက်များ တင်သွင်းခဲ့ကြောင်း သိရသည်။

ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ၈၅၆၃၅ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပြီး လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ၇၉၆၅၀၃ ဒသမ ၀၈ ကန်ဒေါ်လာ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၈၂၁၃၈ ဒသမ ၄၇ ရှိခဲ့ကြောင်း သိရသည်။ **ကိုရိုး**

**သတင်းရင်းမြစ်– မနောမြေကုန်သွယ်မှုဗဟိုဌာန**

# ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ ကျင်းပရေးဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၃**

"ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ" ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကို အနုပညာရှင်များ၏ အကြံပြုချက်အရ စီစဉ်ဆောင်ရွက်ပေးလိုပါကြောင်း၊ ကျင်းပမည့် အဓိကရည်ရွယ်ချက်မှာ ပြိုလဲလုနီးပါးဖြစ်နေသည့် အနုပညာလောကကို ပြန်လည်အသက်ဝင်လှုပ်ရှားလာနိုင်စေရေးအတွက် ဆောင်ရွက်ပေးလိုခြင်းဖြစ်ကြောင်း။

**နည်းလမ်းများရှာဖွေဆောင်ရွက်**

ယနေ့အချိန်တွင် အနုပညာလောကသားများအား မသမာသူအဖျက်သမားများက ခြိမ်းခြောက်မှုများရှိလာသည့်အတွက် တချို့သောအနုပညာရှင်များမှာ မိမိတို့၏ အနုပညာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲများရှိနေကြပါကြောင်း၊ အဆိုပါအခက်အခဲများကြားမှ အနုပညာသမားများကို လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများရှာဖွေဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအခါ စားဝတ်နေရေးအခက်အခဲရှိသည့် အနုပညာရှင်သမားများရှိနေသည့်အတွက် ၎င်းတို့၏လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကြီးကို ကျင်းပပြုလုပ်ပေးခြင်းဖြင့် အနုပညာရှင်များ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ အနုပညာရှင်များအနေဖြင့် မိမိတို့၏ အနုပညာအလုပ်များကိုလည်း ပြန်လည်စတင် လှုပ်ရှားဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်သင့်ဖြစ်ထိုက်သော နည်းလမ်းများကိုသာ ဆွေးနွေးဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ပဒေသာကပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ" ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

**အားလုံးပူးပေါင်းဆောင်ရွက်**

ထို့ကြောင့် ယခုကျင်းပမည့် ပဒေသာကပွဲကြီးတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်အသီးသီးမှ အနုပညာရှင်များအားလုံးက မိမိတို့အနုပညာလောကအကျိုးအတွက် မှန်ကန်သည့် အသိစိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)အတွင်းရေးမှူး ဦးမြင့်အောင်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းနှင့် အနုပညာရှင်ကြီးများက ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် မြစ်မခလမ်း သံတမန်ဇုန်အတွင်း မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်က ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်ကို စတင်စိုက်ပျိုးပေးပြီး ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများက သတ်မှတ်အပင်များကို စိုက်ပျိုးကြသည်။



နေပြည်တော် ကောင်စီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပေးစဉ်။

ထို့နောက် ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ခရေ၊ စိန်ပန်း၊ ငုရွှေဝါနှင့် ရေပျဉ်းမ အပင် ၂၀၀ ကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြရာ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က အရာထမ်း၊ အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည် အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

"မိုးကြိုဝါမျိုးစေ့ထုတ်အနေနဲ့ ဧက ၂၉၇၀ စိုက်တဲ့ အထဲမှာ တိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ မိုးကြိုဝါမျိုးစေ့ထုတ်ဧက ၁၀၀၀ ကနေပြီးတော့ မိုးနှောင်းတွေမှာ ပြန်လည်ဖြန့်ဖြူးဖို့အတွက် ဧက ၄၀၀၀၀ စာကို မျိုးစေ့ပိဿာ ၁၂၀၀၀၀ ပြန်လည်ဝယ်ယူ စုဆောင်းပြီးတော့ ဖြန့်ဖြူးပေးမှာပါ။ ကျန်တဲ့ ဧက ၁၉၇၀ ကနေပြီးတော့ ဧက ၆၀၀၀၀ စာအတွက် မျိုးစေ့ပိဿာ ၁၈၀၀၀၀ ကို ကန်ထရိုက် လယ်ယာစနစ်နဲ့ ဝယ်ယူစုဆောင်းပြီး တိုင်းအတွင်းမှာ ပြန်လည်ဖြန့်ဖြူးပေးသွားမှာပါ။ ကျန်ရှိမျိုးတွေကို တောင်သူအချင်းချင်း မျိုးဖလှယ်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာပါ။ ပိုလျှံတာ တွေကတော့ တိုင်း၊ ပြည်နယ်တွေကို ဖြန့်ဖြူးပေးသွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ မိုးကြိုဝါသည် ဆည်ရေ၊ မြစ်ရေတင် စသည်ဖြင့် စိုက်ပျိုးရခြင်းဖြစ်သည့်အတွက် ရေရရှိမှုအရ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့၌ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ မိုးကြိုဝါမျိုးစေ့ထုတ်စိုက်ဧက ၂၉၇၀ စိုက်ပျိုးခဲ့သည့်အပေါ်တွင် စုစုပေါင်းစိုက်ဧက ၁၀၀၀၀၀ မျိုးစေ့ပိဿာအနေဖြင့် ၃၀၀၀၀၀ ကို ပြန်လည်ဝယ်ယူ စုဆောင်းပြီး ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ပံ့ပိုးပေးမှုအနေဖြင့် မိုးကြိုဝါမျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများကို တစ်ကေလျှင် ယူရီးယားမြေဩဇာတစ်အိတ်နှုန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း၊ ဌာနအစီအစဉ်ဖြင့် စိုက်ပျိုးသည့် မျိုးစေ့ထုတ်ကေများကို ဆင့်ပွားမျိုးသန့်မျိုးစေ့များနှင့် လူးနယ်ဆေးများကို အခမဲ့ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွှေတောင်မြို့နယ်၌ မိုးရာသီတိရစ္ဆာန်အစာပင် နေဗီယာမြက် သရုပ်ပြစိုက်ပျိုး

**ရွှေတောင် ဇွန် ၂၃**

ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆည်ကြီးကုန်းကျေးရွာအုပ်စု ညောင်ဝိုင်းရွာသစ်ကျေးရွာ ကွင်းအမှတ် ( ၄၁၂) (ရှမ်းတန်းကွင်း)ရှိ တောင်သူ ဦးကျော်စွာဝင်းပိုင် ယာမြေ တစ်ကေတွင် မိုးရာသီတိရစ္ဆာန်အစာပင် နေဗီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက်က ပြုလုပ်သည်။

သရုပ်ပြပွဲသို့ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ပြည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးလင်း၊ ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ရွှေထွန်းနှင့် ဝန်ထမ်းများ၊ ဆည်ကြီးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင် များ၊ ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၃၅ ဦးခန့် တက်ရောက်ကြပြီး မိုးရာသီတိရစ္ဆာန်အစာပင် (နေဗီယာမြက်) သရုပ်ပြ စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီတိရစ္ဆာန်အစာပင် နေဗီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းအားဖြင့် တိရစ္ဆာန်များကို လွတ်ကျောင်းစနစ်မှ အစာကျွေးစနစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသောအစာအဖြစ်ကျွေးမွေးရန်၊ ပြည်တွင်း ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်ရေးနှင့် နေဗီယာမြက်ကို နွားစာအဖြစ် ကျွေးမွေးပါက လိုအပ်သော အာဟာရဓာတ်ပမာဏများ ပြည့်ဝစေရန်ရည်ရွယ်၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း(ပြန် / ဆက်)**

# နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးကွက်ကိုဦးတည်သည့် ထုတ်လုပ်မှုလုပ်ငန်း မဟာဗျူဟာအားကောင်းလာစေရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးကွက်ကို ဦးတည်သည့် ထုတ်လုပ်မှုလုပ်ငန်း မဟာဗျူဟာအားကောင်းလာစေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံအလုပ်ရုံများမှ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



**စွမ်းဆောင်ရည်မြှင့်တင်ခြင်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၏ ဈေးကွက်ကို ဦးတည်သည့် ထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရေးအတွက် အရာရှိကြီးများ၊ စက်ရုံမှူးကြီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များ၊ အခြေခံအဆောက်အဦ၊ ဆက်သံရေး၊ တန်ဖိုးများ၊ ပဋိပက္ခဖြေရှင်းခြင်း၊ ထိတွေ့ဆက်ဆံမှု၊ နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရေရှည်ကတိကဝတ်၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဖန်တီးခြင်း၊ ဂေဟာစနစ်ကို အားကောင်းစေခြင်း၊ နည်းပညာပိုင်းနှင့် လိုက်လျောညီထွေပြုပြင်နိုင်သော စွမ်းရည်နှစ်မျိုးလုံးကို ပံ့ပိုးပေးခြင်း၊ သာတူညီမျှရှိရေး အခြေခံစွမ်းဆောင်ရည်မြှင့်တင်ခြင်း စသည့်အချက် (၅)ချက်သည် စွမ်းရည်ကို ထိထိရောက်ရောက်မြှင့်တင်ရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းများအတွက် လမ်းညွှန်များဖြစ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်အခြေအနေ၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည့်အစီအစဉ်၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဆွေးနွေးမည့်ခေါင်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲ၌ ဈေးကွက်သဘောတရားများကို သိရှိနိုင်စေရန် ဈေးကွက်အငယ်စား ဘာသာရပ်၊ ဈေးကွက်ရှာဖွေရေးလမ်းကြောင်းများကို ပုံဖော်ခြင်းနှင့် စီမံခန့်ခွဲခြင်းဘာသာရပ်၊ ဈေးကွက်သုတေသနပြုလုပ်ခြင်း ဘာသာရပ်၊ တီထွင်ဆန်းသစ်မှုဆိုင်ရာ အခြေခံသဘောတရားနှင့် အမျိုးအစားများ ထုတ်လုပ်မှုတိုးတက်ရေးအတွက် အလေ့အလွှင့် လျှော့ချရေးဘာသာရပ်များကို စက်မှုဝန်ကြီးဌာန အရာထမ်းများက နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်သည်။

**ဆန်းသစ်တီထွင်သည့် အလေ့အကျင့်ကောင်းများဖြင့်**

အဆိုပါ ဆွေးနွေးပွဲ၌ စက်မှုထုတ်ကုန်များ အရောင်းမြှင့်တင်ရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန်၊ ထုတ်ကုန်ဦးစားပေးစနစ်မှ ဈေးကွက်ဦးစားပေးထုတ်လုပ်သည့်စနစ်သို့ ပြောင်းလဲနိုင်ရန်၊ ဆန်းသစ်တီထွင်သည့် အလေ့အကျင့်ကောင်းများဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် အလေအလွင့်များလျှော့ချ၍ ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဈေးကွက်ရှာဖွေရေး လမ်းကြောင်းများကို ခေတ်နှင့်လျော်ညီစွာ အသုံးပြုလာနိုင်ခြင်း၊ ဈေးကွက်သုတေသနကို ပြန်လည်ဆန်းစစ်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာများ၌ လယ်ယာမြေဖော်ထုတ်လိုပါက သက်ဆိုင်ရာထွန်စက်စခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်

**ပဲခူး ဇွန် ၂၃**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စက်မှုလယ်ယာ ကူးပြောင်းရေးသည် မဖြစ်မနေ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ တောင်သူ လယ်သမားများ လယ်ယာသုံးစက်ကိရိယာ ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်စေရေး အတွက် လက်တွန်းထွန်စက်၊ ထွန်စက်ကြီးနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို လက်ငင်းစနစ်၊ အရစ်ကျစနစ်များဖြင့် ရောင်းချပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။



ဇွန် ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း၌ ကျင်းပသော လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး)သင်တန်း ဖွင့်လှစ်ပွဲတွင် ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျေးရွာများတွင် လယ်ယာမြေ ဖော်ထုတ်လိုပါက သက်ဆိုင်ရာ ထွန်စက်စခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ပြောကြားပြီး သင်တန်းတွင် လက်တွေ့သင်ကြားပေးမည့် လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) သင်တန်းကို ရစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသို့ ကရင်ပြည်နယ်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၈ ဦး စုစုပေါင်း တောင်သူ ၅၄ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ရှိ ခြောက်ထပ် ဆေးရုံဝင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ကံ့ကော်ပင်၊ ငုရွှေဝါနှင့် ပိတောက်စသည့် အရိပ်ရပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စိုက်ပျိုးပေးပြီး ခြောက်ထပ်ဆေးရုံ ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရပ်ကွက်၊ ကျေးရွာတည်နေရာ Point များ ကောက်ယူခြင်းသင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် Geographic Information System (GIS) နည်းပညာ အသုံးပြု၍ မြေပုံရေးဆွဲပြုစုခြင်းနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်းအတွက် ရပ်ကွက်၊ ကျေးရွာတည်နေရာ Point များ ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မည့် သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဗဟိုသန်းခေါင်စာရင်း ကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က အမှာစကားပြောကြားရာတွင် မြေပုံရေးဆွဲပြုစုခြင်းနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်းသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များတွင် အချိန်အကြာဆုံးနှင့် လူအင်အား၊ ငွေအင်အား အများဆုံးသုံးရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာတည်နေရာ Point များ ကောက်ယူရာတွင် ရှိပြီးသည့် တည်နေရာ Point များကို အတည်ပြုရန်နှင့် မရှိသေးသည့် တည်နေရာ Point များကို ရယူရန်ဖြစ်ကြောင်း၊ ယခုသင်တန်း တက်ရောက်သည့် သင်တန်းသား အရာရှိများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရပ်ကွက်၊ ကျေးရွာ တည်နေရာ Point များ ကောက်ယူရာတွင် မှန်ကန်အောင် ကြီးကြပ်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် ရပ်ကွက်၊ ကျေးရွာတည်နေရာ Point များ ကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။





**သတင်းစဉ်**

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်

❑ မောင်သင်းပျို့

*(ယမန်နေ့မှအဆက်)*

**ဘိန်း၊ မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့် တရားခံများ ဖမ်းဆီးရရှိမှု**

တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကကျသောပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် အိမ်နီးချင်းနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း အမှုပေါင်း ၆၉၉၀၊ တရားခံပေါင်း ၁၀၀၆၃ ဦးတို့ကို ဘိန်းမှု ၁၆၀ (၂၆၃၂ ကီလိုကျော်)၊ ဘိန်းဖြူ ၃၃၀၁ မှု (၂၅၂၆ ဒသမ ၁၀ ကီလိုကျော်)၊ စိတ်ကြွဆေးပြား ၄၆၈၉ မှု (၁၉၈ သန်းကျော်)၊ အိုက်စ် ၁၂၆ မှု (၁၄ တန်ခန့်)၊ ဆေးခြောက် ၃၃၃ မှု (ကီလို ၅၀၀ ကျော်)၊ ဘိန်းဆီခဲ ၂၉ မှု (၁၂၉ ကီလိုကျော်)၊ ဘိန်းစာမှုန့် ၈၀ မှု (တစ်တန်ကျော်)၊ အက်တက်စီဆေးပြား ခြောက်မှု (၁၄၆၄၁၄ ပြား)၊ ထရာမဒေါလ်ဆေးတောင့် သုံးမှု (၆၀၅၅ တောင့်)၊ ကက်တမင်း ရှစ်မှု (၇၆၂ ကီလိုကျော်)၊ ကဖင်း နှစ်မှု (ကိုးတန်ကျော်)၊ ဆာလဖျူရစ်အက်ဆစ် နှစ်မှု (လီတာ ၁၈၃၄၀)၊ အက်ဆီတုန်း လီတာ ၃၀၀၀၊ တော်လူအင်း ငါးမှု (လီတာ ၅၀၄၀၀)၊ ဆိုဒီယမ်ဆိုင်ရာနိုက် ငါးမှု (၄၈ တန်ကျော်) နှင့် အခြားဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ အိမ်စီးယာဉ် ၄၅၃ စီး၊ ကုန်တင်ယာဉ် ၁၀၇ စီး၊ ခရီးသည်တင်ယာဉ်၁၈ စီး၊ အငှားယာဉ်၂၂ စီး၊ စက်လှေ အစင်း ၂၀၊ သစ်သားလှေ နှစ်စင်း၊ ကရိန်းယာဉ် တစ်စီး၊ ကွန်တိန်နာ နှစ်စီး၊ ထော်လာဂျီ(အီတန်) နှစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ ဆီဘောက်ဆာယာဉ် သုံးစီး၊ ဘက်ထရီစက်ဘီး တစ်စီးတို့ကို သိမ်းဆည်းရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် အလွှာအသီးသီးမှ တရားခံများကို ဖမ်းဆီးခဲ့သည်။

**ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု**

ဘိန်းဖြူအများဆုံးထွက်ရှိရာ ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်သန်း၍ ကချင်ပြည်နယ်သို့ လည်းကောင်း၊ အိန္ဒိယနိုင်ငံနယ်စပ်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ထိုင်းနိုင်ငံနယ်စပ်နှင့် လာအိုနိုင်ငံနယ်စပ်သို့ လည်းကောင်း၊ ကရင်ပြည်နယ်မှ ထိုင်းနိုင်ငံနယ်စပ်သို့ လည်းကောင်း လျှို့ဝှက်



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီးတို့ ဘန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေးစဉ်။

သယ်ဆောင်၍ ရောင်းဝယ်လေ့ရှိသည်။

**စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်မှု**

၂၀၂၁ ခုနှစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်မှ အများဆုံးထုတ်လုပ်လျက်ရှိပြီး နည်းလမ်းပုံစံမျိုးစုံဖြင့် ပြည်တွင်းပြည်ပနိုင်ငံများသို့ သယ်ဆောင်လျက်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့မှ တစ်ဆင့် ထိုင်းနိုင်ငံနယ်စပ်သို့ သယ်ဆောင်သည့်အပြင် ပြည်တွင်းကို ဖြတ်သန်း၍ ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံနယ်စပ်သို့ လမ်းကြောင်းပြောင်းလဲ သယ်ဆောင်လေ့ရှိသည်။ ထို့အပြင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများကို မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်သို့လည်းကောင်း သယ်ဆောင်ရောင်းဝယ်ခဲ့ကြသည်။

**အိုက်စ် သယ်ဆောင်ရာ လမ်းကြောင်းနှင့် အများဆုံးဖမ်းဆီးရရှိသောဒေသများ**

၂၀၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်မှ ထွက်ရှိသော အိုက်စ်များကို ရှမ်းပြည်နယ်အရှေ့ပိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်များသို့ လည်းကောင်း၊ ပြည်တွင်းကို ဖြတ်သန်း၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံနယ်စပ်သို့ လည်းကောင်း၊ ပင်လယ်ရေကြောင်းဖြင့် မလေးရှားနိုင်ငံ ရေပိုင်နက်သို့လည်းကောင်း တရားမဝင် သယ်ဆောင်လျက်ရှိသည်။

ထိုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဖမ်းဆီးရရှိမှု၏ ၅၃ ဒသမ ၇၄ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်တွင် လည်းကောင်း၊ ၂၅ ဒသမ ၉၁ ရာခိုင်နှုန်းကို မွန်ပြည်နယ်တွင်လည်းကောင်း၊ ၁၀ ဒသမ ၉ ရာခိုင်နှုန်းကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၉ ဒသမ ၃ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၀ ဒသမ ၁၁ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် လည်းကောင်း ဖမ်းမိခဲ့သည်။

**အက်ဖီဒရင်း**

ယခင်က စိတ်ကြွဆေးပြားများ ထုတ်လုပ်ရာတွင် အဓိကပါဝင်သော ဓာတုပစ္စည်းဖြစ်သည့် အက်ဖီဒရင်းနှင့် ဆူဒိုအက်ဖီဒရင်းများကို ၂၀၂၀ ပြည့်နှစ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၅ သိန်း၊ ဆူဒိုအက်ဖီဒရင်းအမှုန့်အမှု နှစ်မှု (၂ ဒသမ ၇ ကီလို) ဖမ်းဆီးရမိပြီး ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရရှိမှုမရှိသောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သူတို့သည် အက်ဖီဒရင်းများအစား အခြားဓာတုပစ္စည်းများကိုပြောင်းလဲအစားထိုး၍ မူးယစ်ဆေးဝါးများ ထုတ်လုပ်လာကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များက ပြသလျက်ရှိသည်။

**ကဖင်းဖမ်းဆီးရရှိမှု**

၂၀၂၀ ပြည့်နှစ်တွင် ကဖင်း ၁၁ တန်ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကဖင်း ၉ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ကဖင်းအများစုမှာ မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရှိရပါသည်။

**ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရရှိမှု**

မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ဓာတ်ပြုပစ္စည်းများဖြစ်သည့် ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင် ယခင်က ၂၈ မျိုးကို ထိန်းချုပ်ထားခဲ့သော်လည်း မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်သူများသည် အဆိုပါထိန်းချုပ်ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသေးသော ဓာတုပစ္စည်းများကို တရားမဝင် သယ်ဆောင်ကာ ပြုပြင်ပြောင်းလဲထုတ်လုပ်နေကြောင်း ဖမ်းဆီးရရှိမှုဖြစ်စဉ်များအရ သိရသောကြောင့် (၆၃) ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေး (CND)မှ ထိန်းချုပ်သည့် ဓာတုပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ ဓာတုပစ္စည်း စုစုပေါင်း ၁၁ မျိုးကို ၂၀၂၁ ခုနှစ် မေလ ၂၆ ရက်မှစ၍ ထပ်မံထိန်းချုပ်ခဲ့ရာ စုစုပေါင်း ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ၃၂ မှု (စုစုပေါင်း တန်ဖိုးငွေကျပ် ၉၈၈၈ သန်းကျော်)ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ၅၇ မှု (စုစုပေါင်း တန်ဖိုးငွေကျပ် ၆၅၃၈ သန်းကျော်) ဖမ်းဆီးနိုင်ခဲ့ပါသည်။

ထိန်းချုပ်ဓာတုပစ္စည်းကို ဘက်ပေါင်းစုံမှ ထိန်းချုပ်ကန့်သတ်ထားသောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သူတို့သည် ဆိုဒီယမ်ဆိုင်ရာနိုက်များကို မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် P2P နည်းလမ်းဖြင့် ထုတ်လုပ်လာသည်။ ဆိုဒီယမ်ဆိုင်ရာနိုက်များကို မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် တင်သွင်းလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ၂၃ တန်ကျော်၊ ၂၀၁၉ ခုနှစ်တွင် လေးတန်ကျော်၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၇ တန်ကျော်၊ ၂၀၂၁ ခုနှစ်တွင် ၄၈ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။

**နယ်စပ်ဆက်ဆံရေးရုံးများဖွင့်လှစ်၍ တရားခံများကို လွှဲပြောင်း**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နယ်စပ်ဒေသ နှစ်နိုင်ငံအချင်းချင်း သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဆက်ဆံရေးရုံးများကို တရုတ်နယ်စပ် လွယ်ဂျယ်၊ မူဆယ်၊ လောက်ကိုင်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် လေးရုံး၊ လာအိုနယ်စပ်တွင် ဝမ်ပုံနှင့် ဝမ်ကျင်း နှစ်ရုံး၊ ထိုင်းနယ်စပ်ဖြစ်သော တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့တွင် သုံးရုံး၊ အိန္ဒိယနယ်စပ်တွင် ပန်ဆောင်၊ တမူးနှင့် ရိဒ်ခေါဒါရ်တို့တွင် သုံးရုံး၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောတွင် တစ်ရုံးဖြင့် စုစုပေါင်း ၁၃ ရုံးကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၇ သို့*

❖ **ယခင်က စိတ်ကြွဆေးပြားများ ထုတ်လုပ်ရာတွင် အဓိကပါဝင်သော ဓာတုပစ္စည်းဖြစ်သည့် အက်ဖီဒရင်းနှင့် ဆူဒိုအက်ဖီဒရင်းများကို ၂၀၂၀ ပြည့်နှစ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၅ သိန်း၊ ဆူဒိုအက်ဖီဒရင်းအမှုန့်အမှု နှစ်မှု (၂ ဒသမ ၇ ကီလို) ဖမ်းဆီးရမိပြီး ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရရှိမှုမရှိသောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သူတို့သည် အက်ဖီဒရင်းများအစား အခြားဓာတုပစ္စည်းများကို ပြောင်းလဲအစားထိုး၍ မူးယစ်ဆေးဝါးများထုတ်လုပ်လာကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များက ပြသလျက်ရှိ**

■ **၂၀၂၀ ပြည့်နှစ်တွင် ကဖင်း ၁၁ တန်ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကဖင်း ၉ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ကဖင်းအများစုမှာ မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရှိရ**

*စာမျက်နှာ ၆ မှ*

နယ်စပ်ဆက်ဆံရေးရုံး ဖွင့်လှစ်၍ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများအတွင်း ပြစ်မှုအမျိုးမျိုးဖြင့် တိမ်းရှောင်နေသော တရားခံများကို ဖော်ထုတ်ဖမ်းဆီးပြီး နိုင်ငံချင်း လွှဲပြောင်းပေးနိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးမှု ၁၆ ကြိမ် (တရားခံ ၂၀)၊ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အီတလီနိုင်ငံသို့ လွှဲပြောင်းပေးမှု တစ်ကြိမ် (တရားခံ တစ်ဦး)၊ ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးမှု တစ်ကြိမ် (တရားခံ တစ်ဦး) ၂၀၀၅ ခုနှစ်မှ၂၀၁၃ ခုနှစ်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှု သုံးကြိမ်(တရားခံ သုံးဦး)၊ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှု တစ်ကြိမ် (တရားခံ တစ်ဦး)၊ ၂၀၀၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမှု ၂၉ ကြိမ် (တရားခံ ၇၃ ဦး)၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လွှဲပြောင်းပေးမှု ၁၈ ကြိမ် (တရားခံ ၁၇ ဦး) ဖြစ်သည်။

**ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှု**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်။

**သုံးနိုင်ငံ အထူးစစ်ဆင်ရေးများ**

ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ မဝင်ရောက်စေရေးနှင့် ဒေသအတွင်းမှ မူးယစ်ဆေးဝါးများ ဒေသအပြင်သို့ မရောက်ရှိစေရေး၊ လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား တစ်ချိန်တည်းတစ်ပြိုင်တည်း မိမိနိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်သည့် ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်တွင် မြန်မာနိုင်ငံ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့ ပါဝင်ရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၃၀ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း ရှမ်းရိုးမ (၄) အထူးစစ်ဆင်ရေးဖြင့် သုံးနိုင်ငံစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၃၁၉ မှု၊ (တရားခံပေါင်း ၄၁၅ ဦး)တို့အား ဒေသတန်ဖိုးငွေကျပ် ၄၀ ဒသမ ၉၅ ဘီလီယံကျော် တန်ဖိုးရှိသော မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို ၂၀၂၁ ခုနှစ် ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား၌ မီးရှို့ဖျက်ဆီးစဉ်။

**ခေတ်မီရှာဖွေရေးကိရိယာများ တပ်ဆင်အသုံးပြုခြင်း**

မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် မြန်မာနိုင်ငံအတွင်းသို့ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှု၊ တရားဝင်တင်သွင်းသော ဓာတုပစ္စည်းများ လမ်းလွဲရောက်ရှိမှု၊ ဓာတုဗေဒကျွမ်းကျင်သူများ တရားမဝင် ဝင်ရောက်မှုများနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဝယ်လိုအားမြင့်တက်မှု၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးအရပ်ရပ် ရပ်ဆိုင်းမှုများကြောင့် ကျဆင်းသွားသော စီးပွားရေးလုပ်ငန်းများအစား မူးယစ်ဆေးဝါးများ နိုင်ငံဖြတ်ကျော်သယ်ဆောင်ရောင်းဝယ်သည့် ဂိုဏ်းအဖွဲ့များ၏ချိတ်ဆက်မှု မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

ထိုသို့သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်သူများ၏ ပြောင်းလဲတိုးတက်လာသော နည်းလမ်းနှင့် အမူအကျင့်များကို လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ ရန်ပုံငွေဖြင့် X-Ray Station များ Mobile X-Ray ယာဉ်များ ဝယ်ယူတပ်ဆင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းမှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကိုရှာဖွေရန် ခေတ်မီရှာဖွေရေးကိရိယာ X-Ray Station ကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာတွင် ၃၁-၇-၂၀၁၉ ရက်မှစ၍ လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို တားဆီးစစ်ဆေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာတွင် ၃-၂-၂၀၂၂ ရက်နေ့မှ စတင်၍ လည်းကောင်း တပ်ဆင်၍ ရှာဖွေစစ်ဆေးလျက်ရှိပါသည်။

ရန်ကုန် - မြဝတီလမ်းမှတစ်ဆင့် မူးယစ်ဆေးဝါးများကို ပင်လယ်ရေကြောင်းအသုံးပြု ပြည်ပသို့ သယ်ဆောင်ခြင်း၊ မြန်မာ-ထိုင်းနယ်စပ်မှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ခြင်းတို့ကို တားဆီးနိုင်ရန် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် X-Ray Station၊ ညောင်ခါးရှည်ကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး ပြောင်းလဲလာသော မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းများတွင် Mobile X-Ray ရှာဖွေရေးယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် ရှာဖွေစစ်ဆေးရေးစခန်းများအား ရှောင်ကွင်း၍ မူးယစ်ဆေးဝါးသယ်ဆောင်ခြင်းကို ရှာဖွေဖမ်းဆီးနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်ငွေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် ဝယ်ယူထားသည့် Mini Z Portable X-Ray Scanner လက်ကိုင် X-Ray စက်များ၊ ဓာတုပစ္စည်းများကို လွယ်ကူစွာ အမျိုးအစား ခွဲခြားစစ်ဆေးနိုင်သည့် ကိရိယာ (Rigaku Chemical Scanner)၊ မူးယစ်ဆေးဝါးအမျိုးအစား စမ်းသပ်သည့်ကိရိယာ (Drug Test Kits) များ အသုံးပြု၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ဓာတုပစ္စည်းထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

**ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီး**

၂၀၂၁ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် နိုင်ငံအတွင်း တစ်နှစ်တာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ကုန်တင်ယာဉ်ရပ်နားကွင်း၌ ငွေကျပ် ၃၂၀ ဒသမ ၁၆၂၃ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါး ၂၂ မျိုးနှင့် ဓာတုပစ္စည်းသုံးမျိုး၊ မန္တလေးမြို့ အောင်မြေသာဇံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ရွှေမန်းတောင်အားကစားကွင်း၌ ငွေကျပ် ၁၈၆ ဒသမ ၀၃၇၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၆ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါး ၂၆ မျိုး၊ ဓာတုပစ္စည်း ၁၀ မျိုး၊ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ငွေကျပ် ၅၆၂ ဒသမ ၄၆၀၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၅၁ ဒသမ ၅၃၇၈ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါး ၁၃ မျိုးနှင့် ဓာတုပစ္စည်း ၂၂ မျိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုနေ့တွင် ဘိန်း ၃ ဒသမ ၈ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၅ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ် ၁၄ တန်ကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ဘိန်းစာမှုန့် နှစ်တန်ကျော်၊ ကက်တမင်း ၂၈၉ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း စုစုပေါင်း ၆၂ မျိုး၊ ငွေကျပ် ၁၀၆၈ ဒသမ ၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၆၇ ဒသမ ၉၁၂၉ သန်းကျော်)ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

**ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ဆောင်ရွက်ခြင်း**

၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၄) ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေကို အခန်း (၁၄) ခန်းဖြင့် ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။ တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့်အနေအထားသို့ မရောက်စေရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအပြင် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်လမ်းကြောင်းများမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် လျှောက်ထားသော ဓာတုပစ္စည်းများအား လမ်းလွှဲမရောက်ရှိစေရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့တို့က ထိန်းသိမ်းကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၃၁၄/၂၀၂၁) ဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗဟိုအဖွဲ့၏ ကွပ်ကဲမှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) ကို ထုတ်ပြန်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့သည်။

ဗဟိုအဖွဲ့မှဖွဲ့စည်းပေးသော လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့တွင် ပါဝင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ၏ ကိုယ်စားလှယ် ၁၂ ဦးက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိအသုံးပြုခြင်း၊ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့ကို တရားမဝင်လမ်းကြောင်းသို့ လမ်းလွှဲရောက်ရှိခြင်းမဖြစ်စေရန် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေအရ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့များကိုဖွဲ့စည်းပြီး ထိန်းချုပ်ဓာတုပစ္စည်းများ နောက်ဆုံးထုတ်ကုန် (End Product) အထိ အမှန်တကယ် ရောက်ရှိစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**ချောင်းဦး ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲကို ဇွန် ၂၀ ရက်က ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဌေးနန္ဒာလေးက မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်၊ မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ နိုင်ငံတော်၏မူဝါဒများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဥပဒေပုဒ်မများဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲကို ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လူမှုကွန်ရက်စာမျက်နှာတွင်လည်း တင်ဆက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အိုလံပစ်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီတွင် အိုလံပစ်နေ့အထိမ်းအမှတ် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများဖြစ်သော အမျိုးသား အမျိုးသမီး မီတာ ၁၀၀ ၊ မီတာ ၈၀၀ ၊ အလျားခုန်၊ သံလုံးပစ်၊ လက်ဆင့်ကမ်းမီတာ (၁၀၀x၄) နှင့် အမျိုးသား အမျိုးသမီး (Mix) လက်ဆင့်ကမ်းမီတာ (၁၀၀x၄) ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) မှ အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ပြေးခုန်ပစ်အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသားမီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသားမီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသမီး (အလျားခုန်)ပြိုင်ပွဲ၊ အမျိုးသား (အလျားခုန်)ပြိုင်ပွဲ၊ အမျိုးသမီး (သံလုံးပစ်) ပြိုင်ပွဲ၊ အမျိုးသား( သံလုံးပစ်) ပြိုင်ပွဲ၊ အမျိုးသမီး (လက်ဆင့်ကမ်း မီတာ ၁၀၀x၄) ပြိုင်ပွဲများတွင် ဆုရရှိသော အားကစားသမားများကို တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား (လက်ဆင့်ကမ်း မီတာ ၁၀၀x၄) ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို ဒုတိယဝန်ကြီးက လည်းကောင်း၊ အမျိုးသား အမျိုးသမီး (Mix) (လက်ဆင့်ကမ်း မီတာ ၁၀၀x၄) ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပလျက်ရှိသည့် အိုလံပစ်နေ့အထိမ်းအမှတ် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲနှင့် ဂျူဒို အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများဖြစ်သော အမျိုးသမီး ၄၅ ဒသမ ၅၃ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၅၃ ဒသမ ၅၇ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ဒသမ ၆၂ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၆၈ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း (ကကွက်) ပြိုင်ပွဲ၊ ဂျူဒိုအားကစားပြိုင်ပွဲများဖြစ်သော အမျိုးသမီး (-၅၂) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (-၅၇) ကီလိုတန်းပတ်လည်ပြိုင်ပွဲနှင့် အမျိုးသမီး (-၆၃) ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသမီး (-၇၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ အမျိုးသား (-၇၃) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (-၉၀) ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ တိရစ္ဆာန်အစာ နေဗီယာမြက်သရုပ်ပြစိုက်ခင်း ကွင်းဆင်းကြည့်ရှု

**ဘားအံ ဇွန် ၂၃**

ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာ၌ တောင်သူတစ်ဦး စိုက်ပျိုးထားသော နှစ်ကေခန့်ရှိ နေဗီယာမြက်သရုပ်ပြစိုက်ခင်းကို ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဘားအံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၂ ရက်က ကွင်းဆင်းကြည့်ရှုသည်။

တိရစ္ဆာန်အစာပင်ဖြစ်သည့် နေဗီယာမြက် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောဖောင်ဟိက ယခုအခါ ကျွဲနွားများအတွက် လွှတ်ကျောင်းစားကျက် အသုံးပြုနိုင်သည့် မြေဧရိယာမှာ တဖြည်းဖြည်းကျဉ်းမြောင်းလာသည့်အတွက် တိရစ္ဆာန်များ အစာရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန် မြေနေရာကျဉ်းကျဉ်းတွင် အာဟာရတန်ဖိုးမြင့်မားသည့် တိရစ္ဆာန်အစာပင် စိုက်ပျိုး၍ ရိတ်သိမ်းကျွေးမွေးသည့် Cut and carry စနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၁၅ | ၂၂၃၅ | ၂၂၂၀ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၀၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၀ | ၂၇၇၅ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၇၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၅ | ၂၆၉၅ | ၂၉၁၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၄၀ |
| 95 Ron | ၂၁၆၂ | ၂၂၃၉ |
| HSD (500 ppm) | ၂၄၉၄ | ၂၅၇၄ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုဖြစ်ရပ်မှတ်တမ်းစာအုပ် အသုံးပြုသင်တန်းဖွင့်လှစ်





**နေပြည်တော် ဇွန် ၂၃**

လူမှုဝန်ထမ်းဦးစီးဌာနက အွန်လိုင်းဖြင့် ဖွင့်လှစ်သင်ကြားမည့် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုဖြစ်ရပ် မှတ်တမ်းစာအုပ် အသုံးပြုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကိုယ်ချင်းစာစိတ်ထားရန် လိုအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က သတင်းအချက်အလက်ရေးသွင်းခြင်းသည် အရေးကြီးသည့်အတွက် စဉ်ဆက်မပြတ် စနစ်တကျတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူတစ်ယောက်ချင်းစီ၏ ဂုဏ်သိက္ခာအတွက် သတင်းအချက်အလက်များကို confidential လျှို့ဝှက်ထိန်းသိမ်းထားရန် လိုအပ်ကြောင်းနှင့် Case Manager များအနေဖြင့် ကျင့်ဝတ်များကို လိုက်နာရေးသည် အရေးကြီးကြောင်း၊ လူမှုရေးလုပ်ငန်းများတွင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ၊ ကရုဏာအပြင် ကိုယ်ချင်းစာစိတ်ထားရန် လိုအပ်ကြောင်း၊ Help Line မှတစ်ဆင့် အကူအညီတောင်းခံလာခြင်းကို စာရင်းရေးသွင်းပြီး Case ခွဲ၍ ဖြေရှင်းနိုင်သူထံ လွှဲပြောင်းပေးခြင်း၊ Follow Up လုပ်ဆောင်ခြင်းများဖြင့် ပိုမိုထိရောက်စွာ ကူညီဆောင်ရွက်နိုင်ရန် Case Manager များ မွေးထုတ်ရန်လိုကြောင်း၊ Case Management စနစ်အားကောင်းစေရန် ယခုကဲ့သို့သော သင်တန်းများ ဆက်လက်ဖွင့်လှစ်ရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ဇွန် ၂၄ ရက်အထိ သင်ကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ Online ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရေးကော်မတီအောက်ရှိ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးဆိုင်ရာလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၃**

အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community–AEC) ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရေးကော်မတီမှ ဖွဲ့စည်းပေးထားသော "ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) ဆိုင်ရာလုပ်ငန်းကော်မတီ" ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်ကြီးသုံးခုအနက် အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ တွင်ပါရှိသောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ ၂၂ ခုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားရှိရာ "ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေးဆိုင်ရာ လုပ်ငန်းကော်မတီ" သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် GRP စီမံချက်အရ GRP ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်ရေး၊ စီမံချက်ပါ ဦးစားပေးလုပ်ငန်း နယ်ပယ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ စီမံချက်ပါ မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့ ပြုလုပ်သွားနိုင်ရေး၊ ရိုးရှင်းလွယ်ကူပြီး ပွင့်လင်းမြင်သာမှုရှိသော၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြစ်ရေး၊ ပိုမိုကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေနိုင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုစွမ်းအားများအား ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ခြင်းတို့ ရရှိလာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် လုပ်ငန်းကော်မတီအစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပပြီး ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ကော်မတီအဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၂) ကြိမ်မြောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးတွင် သီးနှံမျိုးသစ် ၄၃ မျိုးကို မျိုးသစ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော်၏ အထူးစီမံကိန်းများဖြစ်သော ဝါသီးနှံနှင့် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိစိုက်ပျိုးနေသော မျိုးများအပြင် ပြည်ပမှ မျိုးသစ်များ တင်သွင်းနိုင်ရေးကို မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိသကဲ့သို့ ပြည်တွင်း မျိုးစေ့ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ အရည်အသွေးကောင်းမျိုးစေ့များ မျိုးသန့်မျိုးပွား ထုတ်လုပ်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၂၂) ကြိမ်မြောက် အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။ **(ဝဲပုံ)**



အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ယနေ့ကျင်းပသည့် မျိုးစေ့ဆိုင်ရာ အမျိုးသား ကော်မတီ၏ (၂၂)ကြိမ်မြောက် အစည်းအဝေးတွင် သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Technical Working Groups, TWGs) နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ (Technical Seed Committee, TSC) တို့က မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး သဘောထားမှတ်ချက်များဖြင့် တင်ပြလာသော စမ်းသပ်စိုက်ပျိုးသီးနှံ ရှစ်မျိုး၏ မျိုးသစ်မျိုးကွဲ ၁၈ မျိုးနှင့် အချက်အလက်ပြည့်စုံစွာ စုစည်းတင်ပြလာသော သီးနှံ ၁၀ မျိုး၏ မျိုးသစ်မျိုးကွဲ ၂၅ မျိုး စုစုပေါင်း ၄၃မျိုးတို့ကို မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စိစစ်ဆွေးနွေးရမည့် လုပ်ငန်းများကို တင်ပြရာ အစည်းအဝေး တက်ရောက်လာကြသည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဝင်များက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ဌာနများ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများက တင်ပြလာသော အပင်မျိုးသစ်များကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးများက စိစစ်သုံးသပ်ပြီး မျိုးသစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလာလျက်ရှိရာ (၂၁) ကြိမ်မြောက် အစည်းအဝေးအထိ သီးနှံ ၇၆ မျိုး၏ မျိုးကွဲ ၁၃၆၀ နှင့် မိဘမျိုးလိုင်း ၁၆၈ စုံ၊ စုစုပေါင်း ၁၅၂၈ မျိုးကို စိစစ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း။ နိုင်ငံတကာမှ တောင်သူများနည်းတူ အသစ်ထွက်ပေါ်လာသော မျိုးသစ်မျိုးပြားများကို အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရန် မျိုးသစ်များ မှတ်ပုံတင်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မျိုးစေ့တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းလုပ်ငန်းများအတွက် အချိန်နှင့် စရိတ်သက်သာစေပြီး ပွင့်လင်းမြင်သာမှုရှိသော အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**



သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားစဉ်။

*(ယမန်နေ့မှအဆက်)*

Golden Hand သတင်းဌာနမှ ထုတ်ဝေသူ ဦးလှဆွေက ယခုအချိန်တွင် လွှတ်တော်မရှိသည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စား သတင်းထောက်ကြီးများက ပြည်သူများ၏ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်ကဲ့သို့ သဘောထားပြီး အစိုးရအဖွဲ့ကို မေးမြန်းကြကြောင်း၊ အစိုးရအဖွဲ့ကလည်း တလေးတစားဖြင့် ပြန်လည်ဖြေကြားပေးကြကြောင်း၊ သတင်းထောက်ကြီးများအနေဖြင့်လည်း မိမိကိုယ်ကို လွှတ်တော်ကိုယ်စားလှယ်ကဲ့သို့ သဘောထား၍ မေးခွန်းများကို တလေးတစား သေသေချာချာ မေးမြန်းပေးရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း၊ မိမိတင်ပြလိုသည့် မေးခွန်းမှာ သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် သာသနာရေးဝန်ကြီး ဦးဆန်းဆင့်က ရက်ကန်းစင်တောင်တွင် ဘုရားတည်ကြောင်း၊ ၎င်းပုဂ္ဂလိကဆန္ဒဖြင့် ၎င်းကိုယ်ပိုင် ပူဇော်လို၍ဘုရားတည်ခြင်းဖြစ်ကြောင်း၊ သို့သော် အသုံးပြုသည့်အခါတွင် နိုင်ငံတော်ပိုင်ကားနှင့် နိုင်ငံတော်ပိုင် စက်သုံးဆီကို အသုံးပြုခဲ့ကြောင်း၊ စုစုပေါင်းငွေကျပ် ၇၃ သိန်း အသုံးပြုခဲ့ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာကို အသုံးပြုခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ပြီး အဂတိလိုက်စားမှုဖြစ်သည့်အတွက်ကြောင့် အရေးယူထောင်ချခြင်းခံခဲ့ရကြောင်း၊ NLD အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းမိတ်ဆွေတစ်ဦး၏ဇနီး ကျန်းမာရေးမကောင်းသဖြင့် ထိုအမျိုးသမီး ဆေးရုံတက်ရောက်ကုသနေရာ ထိုင်းနိုင်ငံသို့ လေယာဉ်ပျံစင်းလုံးငှားပြီး အသွား/အပြန် သွားခဲ့ကြောင်း၊ ယင်းခရီးစဉ်အတွက် နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျခဲ့ခြင်း ရှိ/မရှိ၊ ၎င်းရရှိခဲ့သော နိုဘယ်ဆုကြေးမှ ကုန်ကျခဲ့ခြင်း ရှိ/မရှိ၊ အကယ်၍ နိုင်ငံတော်ဘဏ္ဍာငွေမှ အသုံးပြုခဲ့လျှင် အဂတိလိုက်စားမှုမြောက်ခြင်း ရှိ/မရှိ၊ အဂတိလိုက်စားမှုသည် တိုင်ကြားမှသာလျှင် ပြစ်မှု မြောက်/ မမြောက် သိလိုကြောင်း၊ မတိုင်ကြားဘဲနှင့်လည်း ကျော်စောမှုဖြင့် အဂတိလိုက်စားမှုကို တရားစွဲလို့ရသည်ဟု ယခင်အစိုးရလက်ထက်က ဦးအောင်ကြည် ပြောခဲ့သည်ကို မိမိကြားခဲ့ဖူးကြောင်း၊ ထို့ကြောင့် ဤအကြောင်းအရာသည် အဂတိလိုက်စားမှု မြောက်/မမြောက်ကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဒေါ်အောင်ဆန်းစုကြည်သည် ဘန်ကောက်တွင် ဆေးရုံတက်ရောက်ကုသနေသော အမျိုးသမီးထံသို့ MAI လေယာဉ်ဖြင့် စင်းလုံးငှားသွားရောက်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ မည်သည့်နေရာမှ ကုန်ကျခဲ့သည်ကို အထောက်အထားနှင့် သုံးစွဲမှုဖြစ်စဉ်များကို အသေးစိတ်စစ်ဆေးသုံးသပ်ပြီးပါက အဂတိလိုက်စားမှုကျူးလွန်ခြင်း ရှိ/မရှိကို သိရမည်ဖြစ်ကြောင်း၊ ထိုအချက်နှင့်ပတ်သက်၍ မှတ်သားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တာဝန်ရှိသူတစ်ဦး**က ပြဋ္ဌာန်းဥပဒေပုဒ်မ ၃ (က) တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာရှိကြောင်း၊ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ စိစစ်သုံးသပ်မှုများ၊ အကြောင်းအရာများနှင့် အချက်အလက်များကို ချိန်ညှိ၍ သတင်းထောက်ကြီး မေးခွန်းပါ အကြောင်းအရာသည် အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အဂတိလိုက်စားမှု မြောက်/ မမြောက်ကို စိစစ်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**တဲ့ပြောသတင်းမီဒီယာ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မကြာသေးမီက မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးသည် ဇေယျာသော်နှင့် ဂျင်မီတို့၏ ပြစ်ဒဏ်ကို အတည်ပြုခြင်းနှင့်ပတ်သက်၍ ရှုတ်ချခြင်း၊ တချို့သံအမတ်များက တရားမဝင်အစိုးရဟု သုံးနှုန်းခြင်းများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဥပဒေအရ နိုင်ငံတော်အကြီးအကဲ၏ အမိန့်သည် သေဒဏ်အတွက် အယူခံဝင်ခြင်းတွင် နောက်ဆုံးအမိန့်ဖြစ်ကြောင်း၊ နိုင်ငံသားအချင်းချင်းအပေါ် သက်ညှာခြင်း/သက်ညှာမှုမရှိခြင်းသည် ငြိမ်းချမ်းရေး ဖြစ်စဉ်ပေါ်တွင် မူတည်လိမ့်မည်ဟု မိမိအနေဖြင့် ထင်မြင်ကြောင်း၊ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ်(၃)တွင် သံတမန်များသည် စေလွှတ်တာဝန်ပေးအပ်သည့်နိုင်ငံနှင့် လက်ခံသည့် နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်စေရန်နှင့် ဆက်ဆံရေးပိုမိုခိုင်မြဲစေရေး ဆောင်ရွက်ရန်ဖြစ်သည်ဟု ပါဝင်ကြောင်း၊ အပိုဒ်(၄)တွင် လက်ခံသည့် နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရဟု ပြဋ္ဌာန်းထားကြောင်း၊ အထက်ပါ သံအမတ်များသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအပိုဒ်(၂)အရ ပေါ်ပေါ်ထင်ထင်ချိုးဖောက်ရာ ရောက်ကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့်လည်း မရှိကြောင်း၊ ၎င်းတို့ပြောနေသည့် NUG အစိုးရကို လက်ခံလျှင် ၎င်းသံအမတ်နှင့် ၎င်း၏ သံရုံးကို အဆိုပါ NUG အစိုးရရုံးစိုက်သည့်နေရာသို့ ရွှေ့ပြောင်းသွားရမည်ဖြစ်ကြောင်း၊ မိမိကဲ့သို့ အေးချမ်းစွာနေထိုင်လိုသည့် မြန်မာနိုင်ငံသားအားလုံးကို စော်ကားရာရောက်ကြောင်း၊ ထိုအပြုအမူများကို မြန်မာနိုင်ငံသား တစ်ဦးအနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း၊ UN သည် ယခုလက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အသိအမှတ်မပြုဟုပြောကြောင်း၊ ယင်းအဖွဲ့အစည်းသည် အလှူခံစားသည့်အဖွဲ့ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကိုပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အလှူခံမည်ဖြစ်ကြောင်း၊ ယခုမိမိတို့ ကရင်ပြည်နယ်၊ KNUနယ်မြေများတွင် ဒုက္ခသည် ၉၀၀၀၀ ကျော်အတွက် UN သည် အထောက်အပံ့များပေးရန် ပြင်ဆင်လျက်ရှိကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ပိတ်မိနေသူများသည် မျောက်ဖြစ်မှန်းမသိဖြစ်နေကြပြီး မိမိကဲ့သို့အေးချမ်းစွာနေထိုင်လိုသူ မြန်မာနိုင်ငံသားအားလုံးသည်လည်း မျောက်ဘဝသို့ အလိုလိုကျရောက်နေရကြောင်း၊ အဆိုပါမျောက်ပြဆန်တောင်း UN အဖွဲ့အစည်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အသိအမှတ်မပြုဟုပြောဆိုနေသော်လည်း မော်လမြိုင်မြို့ရှိ UN ဝန်ထမ်းကို PDF များက သေနတ်ဖြင့် ပစ်သတ်ခဲ့သည့်အမှုကို ဥပဒေအရ ထိရောက်စွာ အရေးယူပေးရန် လက်ရှိအစိုးရအား တောင်းဆိုခဲ့ကြောင်း၊ NUG ကို ထောက်ခံသည့် အဖွဲ့အစည်းသည် NUG ကိုသာ တောင်းဆိုရမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ယင်းနိုင်ငံ၏ဥပဒေကို ချိုးဖောက်ပါက ချိုးဖောက်သူအား နိုင်ငံတွင်းမှ ချက်ချင်းနှင်ထုတ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ဘာသာရေး၊ ယဉ်ကျေးမှုရေးအရ သည်းခံစိတ်မွေးသောကြောင့် မကြာခဏ စော်ကားနေကြကြောင်း၊ မိမိတို့အနေဖြင့် အကြံပေးခြင်းနှင့်အတူ မေးခွန်းတစ်ခုမေးလိုကြောင်း၊ နိုင်ငံအတွင်းရှိ သံရုံးများက သံတမန်များ/ သံအမတ်များကို ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲသို့ ဖိတ်ပါက လေယာဉ်ဖြင့် ကြိုရမည်ဖြစ်သဖြင့် ခရီးကုန်ကျစရိတ်၊ စကားပြန်ငှားပေးရမည့် ကုန်ကျစရိတ်စသည်ဖြင့် များစွာကုန်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ကျစရိတ်မများစေရန်နှင့် ၎င်းတို့လည်း ကြည့်ရှုသိရှိစေရန် ဗင်နီဇွဲလားနိုင်ငံကဲ့သို့ လုပ်ဆောင်စေလိုကြောင်း၊ ဗင်နီဇွဲလားနိုင်ငံသည်လည်း မိမိတို့နိုင်ငံကဲ့သို့ ဖြစ်ခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်ပုံမှာ အမေရိကန်၊ ပြင်သစ်သံရုံးနှင့် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်ရုံးများရှေ့တွင် LED Board များ ထောင်၍ နိုင်ငံအတွင်း နေ့စဉ်အဖြစ်အပျက်များကို Channel တစ်ခု အနေဖြင့် နေ့စဉ်ပြသခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ထိုကဲ့သို့ လုပ်ဆောင်စေလိုကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ PDF များ၏ အဖျက်လုပ်ရပ်များကို ၎င်းတို့က အစီရင်မခံကြောင်း၊ PDF များက ဘုန်းတော်ကြီးများကို သတ်ဖြတ်ခဲ့သည့် ကိစ္စများနှင့် ယခင်သတင်းစာရှင်းလင်းပွဲတွင် တင်ပြခဲ့သည့် ဘုရားပေါ်ကကိစ္စများကိုလည်း အစီရင်မခံကြောင်း၊ မိမိတို့ဘက်မှ အနည်းငယ်မှားယွင်းပါက များစွာချဲ့ကား၍ ပြောကြကြောင်း၊ အထက်ပါကဲ့သို့ LED Board များထောင်၍ နိုင်ငံအတွင်း နေ့စဉ်ဖြစ်ပျက်နေသည့် PDF များ၏ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်မှုကို နေ့စဉ်ပြသနေမည်ဆိုပါက ၎င်းတို့သံအမတ်များ မကြည့်လျှင်ပင် ယင်းတို့၏ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနက CCTV မှတစ်ဆင့် သိမြင်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ LED Board များ ထောင်ခြင်းဖြင့် ဗင်နီဇွဲလားနိုင်ငံက ၎င်းတို့နိုင်ငံအတွင်းမှ အမေရိကန်သံအမတ်ကို ထုတ်ပစ်ခဲ့သကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း လုပ်ဆောင်စေလိုကြောင်း၊ ထို့ကြောင့် အဆိုပါ LED Board များထောင်ရန် အစီအစဉ်ရှိ/မရှိကို သိလိုကြောင်း၊ အခြားမေးခွန်းတစ်ခုမှာ အလုပ်တာဝန်များပြားသော ဝန်ထမ်းအကြီးအကဲများနှင့် ဦးစီးအရာရှိများအား တစ်လလျှင် စက်သုံးဆီ ဂါလန် ၃၀ ကို ငွေဖြင့်တွက်၍ ပေးကြောင်း၊ တစ်ဂါလန်လျှင် ကျပ် ၆၅၀၀ ခန့်သာ ဈေးရှိပြီး မြေပြင်တွင် အများပြည်သူများကဲ့သို့ ပုဂ္ဂလိက ဆီဆိုင်များတွင် တစ်ဂါလန် ကျပ် ၁၂၀၀၀ ကျော်ဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း၊ တစ်ဂါလန်လျှင် ကျပ် ၅၀၀၀ ကျော်ခန့်ဖြင့် တစ်လလျှင် အနည်းဆုံး ကျပ် ၂ သိန်းကျော် ၃ သိန်းခန့် စိုက်သုံးနေရကြောင်း၊ လွန်ခဲ့သောနှစ်များက BOC ကဲ့သို့ ဆိုင်များတွင် ဝန်ထမ်းများကို စက်သုံးဆီထုတ်ပေးခြင်း၊ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းများနှင့်အညီ ဝယ်ယူသုံးစွဲနိုင်စေရန် လုံလောက်သော ငွေကြေးများ ထုတ်ပေးခြင်းကဲ့သို့သော အစီအစဉ်များ ဆောင်ရွက်ပေးရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သံတမန်များနှင့်ပတ်သက်၍ ၎င်းတို့သိလိုသည့် သတင်းဆိုပါက အကုန်သိရှိကြောင်း၊ ချောင်ကြိုချောင်ကြား သတင်းကအစ သိရှိပြီး ထုတ်ပြန်လိုပါက ထုတ်ပြန်ကြောင်း၊ အညာဒေသရှိ မထင်မရှားမြို့က မထင်မရှားရွာတစ်ရွာ မီးလောင်သည်ကိုပင် သိရှိကြောင်း၊ သိချင်လျှင် အကုန်သိပြီး မသိချင်လျှင် မသိကြောင်း၊ မိမိတို့သတင်းစာရှင်းလင်းပွဲကိုလည်း အနည်းဆုံးအဆင့်သည် စောင့်ကြည့်ကြပြီး ၎င်းတို့အချင်းချင်းသာ အစီရင်ခံကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း သတင်းများနှင့်ပတ်သက်၍ ပေးပို့မှုများရှိကြောင်း၊ တစ်ပတ်လျှင် နှစ်ကြိမ် အကြမ်းဖက်မှုနှင့်ပတ်သက်သည့် သတင်းလွှာInformation Sheet ကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ ပြုလုပ်ခြင်းရှိကြောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများအားလုံး၊ ပြည်ပရှိ မြန်မာသံရုံးများအားလုံး၊ UN နှင့်ဆိုင်သော အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတကာသို့ မိမိတို့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မသိချင်ယောင်ဆောင်နေကြောင်း၊ ၎င်းတို့လိုချင်သော၊ လုပ်ချင်တာ လုပ်ခြင်းမျိုးသာရှိကြောင်း၊ ပြင်သစ်သံအမတ်ကြီးနှင့် ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂနှင့် ပတ်သက်၍လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ အသေးစိတ်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ စက်သုံးဆီကိစ္စနှင့် ပတ်သက်၍ ဝန်ထမ်းများသို့ ဆီမပေးဘဲ ငွေကိုသာပေးခြင်းသည် အဆိုပါ ဝန်ထမ်းများအတွက် နိုင်ငံခြားမှနေ၍ စက်သုံးဆီ သီးသန့်တင်သွင်းခြင်းမျိုး မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့လုပ်ဆောင်နေရခြင်းသည် ဝန်နှင့်အားမမျှဟု ပြောဆိုနေခြင်းများကိုလည်း ကြားရကြောင်း၊ ယင်းအချက်နှင့်ပတ်သက်၍ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးသပ်ချက်အရ ရာထူးအဆင့်မြင့်သည့် ဝန်ထမ်းများကို ဆီဖြတ်ခြင်းသည် အကြောင်းထူးကိစ္စ မဟုတ်သော်လည်း အလယ်အလတ်တန်းရာထူးရှိ အမှန်တကယ် သုံးစွဲနေရသည့် ဝန်ထမ်းများကို ဆီအနည်းငယ်လျှော့၍ပေးခြင်းသည် ၎င်းတို့အနေဖြင့် အနည်းငယ် အခက်အခဲဖြစ်မည်ဆိုသည်ကို သိရှိကြောင်း၊ အဆင့်ဆင့်ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဆက်လက်၍ **နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** ပြင်သစ်သံအမတ်ကြီးနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလ ၆ ရက်နေ့မှစပြီး သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ပြင်သစ်သံရုံးသို့လည်း ကန့်ကွက်စာပေးပို့ခဲ့ကြောင်း၊ ပြင်သစ်သံအမတ်ကြီးကိုလည်း ယခုလ ၉ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူ၍ အမြဲတမ်းအတွင်းဝန် ကိုယ်တိုင် ကန့်ကွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ဆောင်မှုသည် သံတမန်ရေးရာ၌ အပြင်းထန်ဆုံးသတိပေးခြင်းမျိုးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်မှုများကို သံရုံးများသာမက သက်ဆိုင်ရာနိုင်ငံများကပါ ကောင်းစွာသိရှိကြကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေအနေကို ရှင်းလင်းပြောပြခြင်း၊ ဖြစ်စဉ်အမှန်များကို အသိပေးခြင်း၊ မှန်ကန်မှုမရှိသည့် စွပ်စွဲချက်များ၊ အတည်ပြုချက်မရှိသည့် ကိန်းဂဏန်းများ ချဲ့ကားပြောဆိုမှုများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းထောက်ပြ အသိပေးခြင်းများရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာဆက်ဆံရေးနှင့် UN Charter၊ သံတမန်ဆက်ဆံရေး၊ ဗီယင်နာကွန်ဗင်းရှင်းပါအတိုင်း ဘောင်ထဲမှနေ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး တစ်ဖက်မှ ဆောင်ရွက်ချက်များသည် အထက်ပါ ဥပဒေများကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်မှုများကိုလည်း အမြဲထောက်ပြသတိပေးမှုများ ပြုလုပ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**တဲ့ပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦးက** နိုင်ငံတော်လုံခြုံရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာတစ်ခုကို ဗိုလ်ချုပ်တို့အပါအဝင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းတစ်ခုပေးလိုကြောင်း၊ ရန်ကုန်မြို့၌ ဒေါ်လာ ခြောက်သောင်းမှ တစ်သိန်းကျော်အထိ Hate Speech ဆိုသည့်ခေါင်းစဉ်ဖြင့် အဖွဲ့အစည်းတချို့ကိုခေါ်၍ ယခုစတင်ဆောင်ရွက်နေကြောင်း၊ ၎င်းတို့ဦးတည်ချက်သည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ ဗုဒ္ဓဘာသာဝင်များက ၎င်းတို့ OIC နှင့်ပတ်သက်သော ဘာသာကို ထိခိုက်စေသည့်၊ ပုတ်ခတ်စေသည့်၊ စော်ကားသည့်စကားများကို သီးခြားစုဆောင်းပြီး OIC မှတစ်ဆင့် ICC၊ ICJ သို့ ပေးပို့ပြီး ဘာသာရေးအသွင်ဆောင်ရန် ကြိုးစားနေကြောင်းကို မိမိအနေဖြင့် လွန်ခဲ့သည့် သီတင်းပတ်က သတင်းရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သတိချပ်စေလိုကြောင်း တင်ပြသည်။

**လူထုရင်ဖွင့်သံ သတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦးက** မိမိအဓိက မေးမြန်းလိုသည်မှာ မိမိတို့နိုင်ငံသားများနှင့် နိုင်ငံတော်ကြားတွင် ပျောက်ဆုံးနေသည့် ငွေကြေးများအကြောင်းဖြစ်ပါကြောင်း၊ လျှပ်စစ်မီတာဘေလ်များကို အချိန်မှန်မှန် လာမဖတ်ကြောင်း၊ အောက်ခြေ၌ အပစ်ခံရခြင်း၊ အသတ်ခံရခြင်းများရှိသည်ဆိုပြီး နှစ်လသုံးလ တစ်ခေါက်ပေါင်းဖတ်ပါကြောင်း၊ ဘေလ်စာရွက်ကို နှစ်လသုံးလ ပေါင်းပေးပါကြောင်း၊ ဘေလ်သွားဆောင်သည့်အခါတွင် ဒဏ်ကြေးဆောင်ရပါကြောင်း၊ ယင်းဒဏ်ကြေးများသည်လည်း တစ်နေရာနှင့် တစ်နေရာမတူပါကြောင်း၊ တချို့နေရာတွင် ငွေကျပ် ၂၀၀၀ ဒဏ်ရိုက်ပြီး တချို့နေရာတွင် ငွေကျပ် ၄၀၀၀ ဒဏ်ရိုက်ပါကြောင်း၊ သို့သော်လည်း ငွေလက်ငင်းဖြတ်ပိုင်း မပေးပါကြောင်း၊ အလွတ်ငွေကြေးပေးရပါကြောင်း၊ ရပ်/ကျေးများတွင်လည်း ဩ့စာရင်းတိုင်ကြားသည့်အခါ ပုံမှန် ကျပ် ၅၀၀၀ ပေးရပါကြောင်း၊ သက်တမ်းပုံမှန်တိုးမည်ဆိုပါက ငွေကျပ် ၁၀၀၀ ပေးရပါကြောင်း၊ ရက်ကျော်ပါက ကျပ် ၅၀၀၀ ထပ်ပေးရပါကြောင်း၊ ထိုသို့ပေးနေရသည့် ငွေကြေးများ ရှိပါကြောင်း၊ ထို့အပြင် ခရီးသွားသည့်အခါတွင်လည်း ဂိတ်များတွင် ကြေညာထားသည်များရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် မပါပါက ထောက်ခံစာဖြင့် ခရီးသွားလာခွင့်မပြုဟု ကြေညာထားပါကြောင်း၊ သို့သော် ယခုနိုင်ငံသား စိစစ်ရေးကတ်ပါသော်လည်း ထောက်ခံစာထပ်တောင်းပါကြောင်း၊ ထောက်ခံစာမပါပါက ငွေကြေးကောက်ခံပါကြောင်း၊ ၂၀၀၀ ကျပ်/၃၀၀၀ ကျပ် ပေးကြရပါကြောင်း၊ မိမိအနေဖြင့် ဥပမာအနေဖြင့် တစ်ခုစီခန့်သာ ထည့်ပြောခြင်းသာဖြစ်ကြောင်း၊ ထိုကဲ့သို့ တခြားတခြားပေးနေရသည့် ငွေကြေးများစွာရှိကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ငွေကြေးများ ပေးဆောင်ရသော်လည်း နိုင်ငံတော်ကို အခွန်အနေဖြင့် အမှန်တကယ်ဝင်ရောက်ပါသလား၊ မည်သည့်နေရာတွင် ပျောက်ဆုံးသွားပါသလဲ၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့စီမံညွှန်ကြားပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** လျှပ်စစ်မီတာခများနှင့်ပတ်သက်ပြီး တချို့နေရာများတွင်ကောက်ခံရာ၌ အခက်အခဲရှိပါကြောင်း၊ တချို့အိမ်များတွင် အိမ်၌ လူမနေဘဲ လျှပ်စစ်မီတာခ ကောက်ခံရသည်ဟုဆိုသည့်အဖြစ်မျိုးများလည်း ရှိခဲ့ပါကြောင်း၊ ယခင်ကလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေပြီးဖြစ်ပါကြောင်း၊ တချို့နေရာများတွင် မှားယွင်းကောင်း မှားယွင်းနိုင်ပါကြောင်း၊ ထိုအရာများကို ပြန်လည်ဆောင်ရွက်၍ရသည်ဟု ပြောလိုပါကြောင်း၊ မှတ်ပုံတင်နှင့်ထောက်ခံစာစစ်ဆေးခြင်းအပိုင်းကို မိမိတို့ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဟု ပြောလိုပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မီတာခကောက်ခံခြင်းများနှင့်ပတ်သက်ပြီး လက်ရှိလုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားပေးစေလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ ရန်ကုန်၊ မန္တလေး သုံးခုသည် ဓာတ်အားရောင်းချခြင်း၊ ပြန်လည်ကောက်ခံခြင်းလုပ်ငန်းများကို လုပ်ပါကြောင်း၊ လစဉ် ၁ ရက်နေ့တွင် မီတာဘေလ်ဖတ်ခြင်း၊ မီတာဘေလ်ထုတ်ခြင်း ၊ မီတာခကောက်ခံခြင်းလုပ်ငန်းများကို လုပ်ပါကြောင်း၊ သို့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ငွေကောက်ခံသည့် နေရာတွင် နှောင့်နှေးရသည်များရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကြိုးစားကောက်ခံသော်လည်း လစဉ်အကြွေးကျန်သည်များရှိပါကြောင်း၊ ကျန်ခဲ့သည့်လများအတွက် စီမံချက်များဖြင့် ကောက်ခံသည့်လုပ်ငန်းများ ဆက်လုပ်ပါကြောင်း၊ အကြွေးကျန်သည့် ကိစ္စများတွင် အကြောင်းအမျိုးမျိုးကြောင့် မဆောင်နိုင်သည့် ကိစ္စများလည်းရှိပါကြောင်း၊ ကျန်ခဲ့သည့် အကြွေးကျန်များကို မိမိတို့ထံ လာဆောင်သည့်အခါတွင် ပြန်လည်စိစစ်ပြီး တိတိကျကျလုပ်ဆောင်နိုင်ရန်အတွက် ညွှန်ကြားချက်များလည်း ထုတ်ထားပါကြောင်း၊ တချို့နေရာများတွင် အနည်းငယ်လွဲနေနိုင်သည်များရှိပါက လိုအပ်သည့် နေရာများတွင် လိုအပ်သကဲ့သို့ ညွှန်ကြားချက်များထုတ်ပြီး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မီးသုံးစွဲသူများကလည်း မီတာခများကို ပုံမှန်ပေးဆောင်ပါက ပြည်သူများပို၍ မီးမှန်မှန်ကန်ကန် ရသွားမည်ဟု ဖြည့်စွက်ဖြေကြားသည်။



ဦးဇော်မင်းဦး



ဒေါ်ခိုင်စံပယ်ဦး

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦးက** နောက်ဆက်တွဲ တစ်ခုအနေဖြင့် ပြည်သူများ၏ ငိုညည်းနေသည့် ပြဿနာလေးတစ်ခုကို တင်ပြလိုပါကြောင်း၊ ယခင်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးယာဉ်တွင် ဆိုင်ကယ်စီးနင်းခွင့်ပိတ်ပင်ထားပါကြောင်း၊ ယခုလအတွင်းတွင် သန်လျင်၊ ဒလ၊ တွံတေးတို့တွင် ဆိုင်ကယ်စီးနင်းခွင့် ထပ်ပိတ်ပါကြောင်း၊ ကြေညာချက်အရ ယင်းသို့ဆိုသော်လည်း အောင်ခြေမြေပြင်တွင် ကော့မှူးမြို့နယ်ဘက်က ရွာတချို့အထိ ဆိုင်ကယ်စီးနင်းခွင့်ပိတ်လိုက်သည်ဟု သိရကြောင်း၊ ဆိုင်ကယ်နှင့်တက်လာပါက ဖမ်းပါကြောင်း၊ သိမ်းပါကြောင်း၊ ယင်းရွာများတွင် လိုင်းကားမရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ကျောင်းသွား/ကျောင်းလာ၊ ဈေးဝယ်ကအစ အခက်အခဲဖြစ်နေသည့်အတွက် ပြည်သူများ ငိုညည်းနေကြပါကြောင်း၊ ယင်းအရာများကို အဆင်ပြေစေရန် မည်သို့ဆောင်ရွက်ရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** တချို့နေရာများတွင် လုံခြုံရေးအရ ကန့်သတ်ထားသည့် ဖြစ်စဉ်နှင့်လုပ်နေရသည်များ ဖြစ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရကို ဆက်သွယ်မေးမြန်းထားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ သတင်းထောက် ဦးစိုးစိုးမင်းက** မိမိသည် ပဲခူးတိုင်းအနောက်ခြမ်း၊ ပန်းတောင်းမြို့နယ်က ဖြစ်ပါကြောင်း၊ လက်ရှိ မိမိတို့ မြို့နယ်ရှိ တောင်သူများသည် ငွေကြေးပြန်ဆပ်ရန်အတွက် အခက်အခဲများစွာဖြင့် ကြုံတွေ့နေရပါကြောင်း၊ ကိုဗစ်-၁၉ကတစ်မျိုး၊ ဆန်၊ ဆီကုန်ဈေးနှုန်းများ ကြီးနေသည်က တစ်မျိုးဖြစ်နေသောကြောင့် ငွေကြေးပြန်ဆပ်ရန်အတွက် ရုန်းကန်နေရသည့်အတွက် ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့ ဖြေလျှော့၊ ဖြေရှင်းပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်နိုင်ငံလုံးတွင်ရှိသည့် တောင်သူ ၁၈ သိန်းခန့်ကို စိုက်ပျိုးရာသီအလိုက် ချေးငွေများ ထုတ်ပေးထားခြင်းများရှိကြောင်း၊ တစ်နှစ်ကို စိုက်ပျိုးစရိတ်ချေးငွေ သုံးမျိုးထုတ်ပေးထားပါကြောင်း၊ တစ်ဖန် တစ်နှစ်တာ

**❋ တောင်သူများအနေဖြင့် ချေးငွေပေးဆပ်မှု အခက်အခဲများကို နိုင်ငံတော်နှင့် နိုင်ငံတော်ပိုင်များအနေဖြင့် ဆောင်ရွက်ပေးနိုင်သည့် ဖြေလျှော့မှုများ၊ ငွေကြေးလည်ပတ်စီးဆင်းမှုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်နေသည့် နည်းလမ်းများဖြင့် မိမိတို့ကူညီဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်နိုင်ရန်အတွက် ရှိပါသည်ဟု ပြန်လည်ပြောကြား**

ကာလအတွင်း အများဆုံးစိုက်ပျိုးစရိတ်ချေးငွေ နှစ်မျိုးထိ ချေးခွင့်ရှိပါကြောင်း၊ နှုန်းထားများ သတ်မှတ်ပြီးဖြစ်ပြီး အတိုးနှုန်းအနေဖြင့် တစ်နှစ် ငါးရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မူလစိုက်ပျိုးစရိတ်အပြင် လယ်တစ်ဧကကို ငွေကျပ် ၅၀၀၀၀ နှုန်း ကိုဗစ်-၁၉ အထူးချေးငွေအဖြစ် ထပ်မံတိုးမြှင့်ချေးပေးခဲ့ပါကြောင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသည့် ချေးငွေနှစ်မျိုးမှ သုံးမျိုးထိ ရယူထားကြောင်းကိုလည်း တွေ့ရပါကြောင်း၊ ၂၀၂၀-၂၀၂၁ တွင်ဖြစ်ခဲ့သည့် ကိုဗစ်-၁၉ သက်ရောက်မှုနှင့် ငွေကြေးစီးဆင်းလည်ပတ်မှု အခက်အခဲ တချို့ကြောင့်၊ တောင်သူတချို့အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိကြောင်း တွေ့ရသည့်အတွက် ရာသီအလိုက်စိုက်ပျိုးစရိတ် ချေးငွေပေးဆပ်ရန် ကာလတိုးမြှင့်ပေးခြင်း၊ ဒဏ်တိုးလျှော့ပေါ့ပေးခြင်း၊ ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်ရန်ကာလ သုံးကြိမ်တိုင်တိုင် တိုးမြှင့်ပြင်ဆင်ပေးခဲ့ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အဆုံးအဖြတ်နှင့် တောင်သူများ ချေးငွေပြန်ဆပ်မှုအဆင်ပြေစေရန် နိုင်ငံတော်က ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ယခင်ချေးငွေများကို ကျေလည်စွာပေးဆပ်ပြီးသည့် တောင်သူများကို ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းပြီး အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့်အတွက်ကြောင့် ယခုနှစ်တွင် ယခင်နှစ်များကထက်ငွေကြေးစီးဆင်းမှု ပိုမိုလည်ပတ်ထိရောက်အောင် ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ တောင်သူများအနေဖြင့် ချေးငွေပေးဆပ်မှု အခက်အခဲများကို နိုင်ငံတော်နှင့် နိုင်ငံတော်ပိုင်များအနေဖြင့် ဆောင်ရွက်ပေးနိုင်သည့်ဖြေလျှော့မှုများ၊ ငွေကြေးလည်ပတ်စီးဆင်းမှုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်နေသည့် နည်းလမ်းများဖြင့် မိမိတို့ ကူညီဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်နိုင်ရန်အတွက် ရှိပါသည်ဟု ပြန်လည်ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပညာရေးဝန်ကြီးဌာနက ယနေ့သတင်းစာထဲတွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ တက္ကသိုလ်ဝင်အောင်စာရင်း ထုတ်ပြန်ရန်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်အောင်စာရင်းနှင့် ပတ်သက်၍ ကြေညာထားပြီး ဖြစ်ပါကြောင်း၊ သို့သော် ပြည်သူလူထုများ ပိုမိုသိရှိရန်အတွက် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်က အောင်စာရင်းထုတ်ပြန်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြည်သူလူထုများ Awareness ဖြစ်အောင် ထုတ်ပြန်ပေးမည့် Website နှင့် ထုတ်ပြန်မည့်အကြောင်းကို ပြောပြပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူတစ်ဦးက** သတင်းစာထဲတွင်လည်း မည်သည့် Website က ကြေညာမည်ကို ကြေညာထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်တွင်ရှိသည့် စာစစ်ဌာနများတွင်လည်း ဖြေထားသူများက သွားရောက်ကြည့်ရှုနိုင်ပါကြောင်း ပြောကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** အောင်စာရင်းများနှင့်ပတ်သက်ပြီး ထပ်မံပြောကြားလိုသည်မှာ စာစစ်ဌာနအလိုက်ကျောင်းများတွင် နံနက် ၆ နာရီတွင် အပြီးကပ်ပေးမည်ဖြစ်ကြောင်း၊ နံနက် ၄ နာရီမှစပြီး ကြေညာထားသည့် Website များ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း၊ နှစ်စဉ်ဖြစ်နေသည့် အခက်အခဲရှိပါကြောင်း၊ တချို့က ၄ နာရီဆိုသော်လည်း ၁ နာရီ၊ ၂ နာရီခန့်ကတည်းက ဝင်နေသူများလည်း ရှိကြောင်း၊ ဝင်ရောက်ကြည့်ရှုသူများသောကြောင့် Website က Hang သွားသည်ထိ ဖြစ်ခဲ့ခြင်းများရှိပါကြောင်း၊ သို့သော် ပညာရေးဝန်ကြီးဌာနက အချိန်မီထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိအနေဖြင့် မေတ္တာပို့ဆုတောင်းလိုသည်မှာ ယခုနှစ်အောင်စာရင်းများ ထုတ်ပြန်သည့်အခါတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေထားသည့် ကျောင်းသူကျောင်းသားများ၊ ၎င်းတို့၏ မိဘများအားလုံး ပျော်ရွှင်နိုင်ကြပါစေဟု ပြောကြားသည်။

# မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၂၃**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသားကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ပညာသင်ကြားမှုကို အဟန့်အတားဖြစ်စေသည့် ဆန့်ကျင်ခြိမ်းခြောက်စာများကို စာသင်ကျောင်းအချို့၌ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ သာမိုင်းခမ်းကျေးရွာ မူလွန်ကျောင်း Grade-4 စာသင်ခန်းအတွင်းနံရံထောင့်၌ အကြမ်းဖက်သမားများက ခြိမ်းခြောက်စာတစ်စောင်နှင့်အတူ Keypad ဖုန်းဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းတစ်လုံး လာရောက်ချထားသည်ကို တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး လက်လုပ်မိုင်းကို စနစ်တကျ ရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၂ ရက် နံနက် ၈ နာရီခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လေးပင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌လည်းကောင်း၊ အမရပူရမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သဲဖြူကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌လည်းကောင်း PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းတက်ရောက်မှုကို ခြိမ်းခြောက်သည့် ခြိမ်းခြောက်စာများ လာရောက်ချိတ်ဆွဲထားကြောင်း သိရသည်။



သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခြံစည်းရိုး၌ အကြမ်းဖက်သမားများ ချိတ်ဆွဲထားသည့် ခြိမ်းခြောက်စာကို တွေ့ရစဉ်။



ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးနှင့် ခြိမ်းခြောက်စာတစ်စောင် လာရောက်ချထားမှုကို တွေ့ရစဉ်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

တိုက်ခိုက်ခြင်းများအပြင် အပြစ်မဲ့ပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်သည်ဟု အကြောင်းပြ၍ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း Drone ယာဉ်များ အသုံးပြု၍ လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခြင်းများအထိပါ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ Drone ယာဉ်ဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဇွန် ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာ၌ အပြစ်မဲ့ ငါးလသားအရွယ် အမြွာကလေးငယ် တစ်ဦးနှင့် အသက် ၆၇ နှစ်အရွယ် အမျိုးသမီး တစ်ဦးတို့ သေဆုံးခဲ့ပြီး ကျန်အမြွာကလေးငယ် တစ်ဦးနှင့် မိသားစုဝင် သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာ၌ ရိုးသားစွာ လက်သမားလုပ်ငန်းလုပ်ကိုင်သည့် ဦးစိန်မောင်(ဘ)ဦးပြုံးနှင့် မိသားစုဝင်များသည် နေအိမ်၌ရှိနေစဉ် ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်ဗုံးများအား Drone ယာဉ်၌ ချိတ်ဆွဲ၍ ၎င်းတို့၏နေအိမ်ပေါ်သို့ ဆင်ခြင်တုံတရားမဲ့စွာ အကြောင်းမဲ့ဖြုတ်ချခဲ့ရာ နေအိမ်ရှေ့သို့ ကျရောက် ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ဒေါ်စောနွယ် ၆၇ နှစ်(ဘ) ဦးရေချမ်းနှင့် ငါးလသားအရွယ် အမြွာကလေးငယ် ယောကျ်ားလေး တစ်ဦးတို့တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ကျန်အမြွာကလေးငယ် တစ်ဦးနှင့် မိသားစုဝင် သုံးဦးတို့တွင်လည်း ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် မြိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူခဲ့သော်လည်း ဒေါ်စောနွယ်နှင့် ငါးလသားအရွယ် အမြွာကလေး တစ်ဦးတို့သည် ရရှိဒဏ်ရာများဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။



ဒဏ်ရာရရှိခဲ့သည့် ငါးလသား အရွယ်ကလေးငယ်၏ မှတ်တမ်းဓာတ်ပုံ။



သေဆုံးခဲ့သည့် ငါးလသား အရွယ်ကလေးငယ်၏ မှတ်တမ်းဓာတ်ပုံ။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သော အရပ်ဘက်နေအိမ် အဆောက်အအုံများ၊ အရပ်သားပြည်သူများအပေါ် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား ပြည်သူလူထုတစ်ရပ်လုံးမှ ရွံရှာစက်ဆုပ်လျက်ရှိကြောင်းနှင့် ၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone ယာဉ်ဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




---

❊ *ကျောဖုံးမှ*

GFA အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်အားလုံးကို ညနေ ၃ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲကို တစ်ပတ်လျှင် ငါးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် ပြုလုပ်မည်ဖြစ်သည်။ အဖွင့်ပွဲကစားမည့် မြဝတီအသင်းမှာ MNL သို့ တန်းပြန်တက်လာခြင်းဖြစ်ပြီး အအောင်မြင်ဆုံးအသင်း ဖြစ်သည့် ရန်ကုန်အသင်းနှင့် စတင်ကစားရခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်မည့် ကလပ်အသင်းအားလုံးသည် ရာသီသစ်အတွက် ပြင်ဆင်မှုများစွာပြုလုပ်ထားပြီး အသင်းအများစုမှာမူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ လက်ရွေးစင်အဆင့် ကစားသမားအများစုမှာ ပြည်ပထွက်ကစားနေခြင်းနှင့် ပြည်ပကလပ်များတွင် ကစားခွင့်ရရန် ကြိုးပမ်းနေခြင်းတို့ကြောင့် လာမည့် MNL ပြိုင်ပွဲတွင် မျက်နှာသစ်ကစားသမားများ၊ လူငယ်ကစားသမားများစွာ တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် လာမည့် MNL ပြိုင်ပွဲမှာ ပြည်တွင်းကစားသမားများ အားပြိုင်မည့်ပြိုင်ပွဲကို တွေ့မြင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# အာသံပြည်နယ်ရေဘေးကြောင့် လူပေါင်း ၅ ဒသမ ၄၅ သန်း ဘေးဒုက္ခကြုံတွေ့နေရသည့်အပြင် သေဆုံးသူ ၁၀၁ ဦးအထိ ရှိလာ

**နယူးဒေလီ ဇွန် ၂၃**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးမှုကြောင့် လူပေါင်း ၅ ဒသမ ၄၅ သန်း ဘေးဒုက္ခကြုံတွေ့လျက်ရှိပြီး ၁၀၁ ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ဇွန် ၂၃ ရက်က ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ ဒေသအတော်များများတွင် ရေလွှမ်းမှုများ ကြုံတွေ့နေရသည့်အပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများလည်း ဖြစ်ပွားခဲ့သည်။

ဇွန် ၂၂ ရက်က ပြည်နယ်တစ်ဝန်း သေဆုံးသူ ၁၂ ဦးရှိကြောင်း သတင်းဖော်ပြခဲ့သည်။ အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားချိန် မေလလယ်ကတည်းက ယခုအချိန်အထိ သေဆုံးသူပေါင်းမှာ ၁၀၁ ဦးအထိ ရှိလာပြီဖြစ်သည်။ အာသံပြည်နယ်၏ ခရိုင် ၃၂ ခုတွင် ရေဘေးဒုက္ခခံစားရလျက်ရှိသည်။

ကျေးရွာပေါင်း ၅၀၀၀ နီးပါး ရေလွှမ်းနစ်မြုပ်ပြီး ကောက်ပဲသီးနှံဟက်တာပေါင်း ၉၉၀၂၆ ဟက်တာထိခိုက်ပျက်စီးခဲ့ကြောင်း အရာရှိများက ပြောသည်။

ဒေသအာဏာပိုင်များသည် ရေလွှမ်းမှုဖြစ်ပွားရာဒေသများတွင် ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၁၈၇၁ ခုအထိ တည်ဆောက်ပေးခဲ့သည်။ အဆိုပါစခန်းများတွင် ကလေးငယ် ၇၃၉၇၈ ဦးအပါအဝင် လူပေါင်း ၂၇၁၁၂၅ ဦး ခိုလှုံလျက်ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရန် ရဟတ်ယာဉ်များကို အသုံးပြုလျက်ရှိသည်။ မိုးရာသီ ၌ ရေကြီးမှုများသည် အာသံပြည်နယ်တွင် ပုံမှန်ဖြစ်ပွားလေ့ရှိသည်။

ဆင်ဟွာ



အာသံပြည်နယ်တွင် ရေကြီးမှုကြောင့် မော်တော်ယာဉ်များ နစ်မြုပ်နေသည်ကို တွေ့ရစဉ်။

# ဩစတြေးလျလူငယ်များအကြား ဘဝနေထိုင်မှုလမ်းကြောင်းသစ်ရှာဖွေရန် မြို့ကြီးများကိုစွန့်ခွာမှုခေတ်စားလာ

**ဆစ်ဒနီ ဇွန် ၂၃**

ဩစတြေးလျနိုင်ငံရှိ လူငယ်များအကြား ဘဝနေထိုင်မှု လမ်းကြောင်းသစ်ကို ရှာဖွေရန်အတွက် မြို့ကြီးများကို စွန့်ခွာရွှေ့ပြောင်းနေထိုင်မှုငါးနှစ်တာကာလအတွင်း ပိုမိုမြင့်တက်လာကြောင်း နိုင်ငံ့ထိပ်တန်းဘဏ်တစ်ခုနှင့် အကြံပေးအဖွဲ့တစ်ခုက ထုတ်ပြန်ထားသည်။

ဩစတြေးလျ ဓနသဟာယဘဏ် (CBA) နှင့် ဩစတြေးလျဒေသဆိုင်ရာ အင်စတီကျု (RAI) တို့၏ ဒေသတွင်း ရွှေ့ပြောင်းနေထိုင်သူများ အညွှန်းကိန်း(RMI) အရ ယခုနှစ် ပထမသုံးလတာကာလအတွင်း ၁၆ ဒသမ ၆ ရာခိုင်နှုန်းသော ဩစတြေးလျနိုင်ငံသား လူငယ်များသည် ဆစ်ဒနီနှင့် မဲလ်ဘုန်းကဲ့သို့သော မြို့ကြီးများကို စွန့်ခွာရွှေ့ပြောင်းမှု ပိုမိုမြင့်တက်လာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

"Millennials" ခေါ် အသက် ၂၄ နှစ်မှ ၄၀ ကြား လူငယ်များနှင့် Gen-X ခေါ် အသက် ၄၀ မှ ၅၆ အရွယ်ကြားရှိ နိုင်ငံသားများသည် ကျေးလက်ဒေသများသို့ သွားရောက် ရွှေ့ပြောင်းနေထိုင်ကြပြီး ဒေသတွင်း ကျောင်းနေမှုစနစ်၊ အားကစား ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းလူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် လုပ်ငန်းကျွမ်းကျင်မှုများကို ဆောင်ကြဉ်းပေးလျက်ရှိကြောင်း၊ ကျေးလက်နေထိုင်မှုစနစ်က ကုန်ကျစရိတ်နည်းနည်းဖြင့် ပိုမိုကောင်းမွန်သည့် မိသားစုနေထိုင်မှုဘဝကို ရရှိစေခြင်းသည် ထူးခြားသည့် ဆွဲဆောင်မှုတစ်ရပ် ဖြစ်နေကြောင်း ဩစတြေးလျဒေသဆိုင်ရာ အင်စတီကျု၏ အမှုဆောင်ဥက္ကဋ္ဌ လဇ်ရစ်ချီက ပြောသည်။

ဒေသတွင်း ရွှေ့ပြောင်းနေထိုင်မှုက အဆိုပါ အသက်အရွယ်များအကြား အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများကိုလည်း ပိုမို တိုးတက်လာစေကြောင်း၊ ဒေသတွင်း စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ လက်လီရောင်းချမှုစနစ်များ စသည့်ကျယ်ပြန့်သောစက်မှုလုပ်ငန်းများတွင် ပိုမိုခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးလာကြောင်း ဩစတြေးလျ ဓနသဟာယဘဏ်၏ ဒေသတွင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အမှုဆောင် အထွေထွေမန်နေဂျာ ပေါလ်ဖော်လာက ဆိုသည်။

ဩစတြေးလျနိုင်ငံ ဒေသအများအပြားရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်သားရှားပါးနေပြီး ကုန်စည်နှင့်ဝန်ဆောင်မှုများတွင် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အထူးသဖြင့် ဗစ်တိုးရီးယားပြည်နယ် မိုရယ်ဘိုးဒေသနှင့် ကွင်းစလန်းပြည်နယ် ဒေသန္တရအစိုးရဒေသတို့တွင် ၅၅ ရာခိုင်နှုန်းထက်မနည်း ကျေးလက်ဒေသသို့ ရွှေ့ပြောင်းနေထိုင်ကြပြီး ရွှေ့ပြောင်းနေထိုင်သူ အများဆုံးဒေသများအဖြစ် သတ်မှတ်ထားသည်။ ယင်းပြည်နယ်များရှိ အခြားသော ဒေသများသို့ ရွှေ့ပြောင်းနေထိုင်သူများလည်း ရှိသည်။

ဆင်ဟွာ



လူငယ်များ ရွှေ့ပြောင်းနေထိုင်မှုအများဆုံးဖြစ်သည့် ကွင်းစလန်းပြည်နယ် Gold Coast ဒေသ။

# အာဖဂန်နိုင်ငံအရှေ့ပိုင်းတွင် နှင်းကျခြင်းနှင့် ရာသီဥတုအေးခဲခြင်းကြောင့် ၁၂ ဦးသေဆုံး

**ကဘူးလ် ဇွန် ၂၃**

အာဖဂန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်တွင် နှင်းကျခြင်းနှင့် ရာသီဥတုအေးခဲခြင်းကြောင့် ကလေး ၁၂ ဦး သေဆုံးခဲ့သည်ဟု နိုင်ငံပိုင် ဘက်တားသတင်းဌာနက ဇွန် ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာမှာ ချော်ကေးခရိုင် ယူဂယ်ရေိယာတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သောရက်အနည်းငယ်ခန့်က အိမ်ခြေမဲ့မိသားစုဝင်များသည် တိရစ္ဆာန်များကို ထိန်းကျောင်းရန်အတွက် တောင်ပေါ်သို့ သွားစဉ် ဘေးအန္တရာယ်ကျရောက်ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရွာသားများက ပြောသည်။

အာဖဂန်နိုင်ငံ စစ်ဘေးသင့်နေရာတွင် မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးမှုဖြစ်ပွားခြင်းကြောင့် လူဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးမှုများအပြင် ဇွန် ၂၂ ရက်အစောပိုင်းက နိုင်ငံအရှေ့ပိုင်း ပါ့ခ်တီနာပြည်နယ်နှင့် ခေါ့စ်ပြည်နယ်တို့တွင် ငလျင်လှုပ်မှုကြောင့် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်နိုင်ငံ ငလျင်ဘေးသင့်သူများအတွက် ပါကစ္စတန်က ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**အစ္စလာမ္မာဘတ် ဇွန် ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ ငလျင်ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်ရုံးက ကြေညာခဲ့သည်။ စောင်၊ ရွက်ဖျင်တဲနှင့် ဆေးဝါးများပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ရုံးက ဇွန် ၂၂ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ကိုယ်စား ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘစ်ဇ်ရှာရစ်ဖ်က အာဖဂန်နစ္စတန်ငလျင်ဒဏ်သင့်သူများကို ကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ ဇွန် ၂၂ ရက် အစောပိုင်းက အင်အား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် လူ ၁၀၀၀ ကျော်သေဆုံးပြီး ၁၅၀၀ကျော် ဒဏ်ရာရရှိကြောင်း သိရသည်။

ဆင်ဟွာ




# ဖိလစ်ပိုင်နိုင်ငံ၌ အာဟာရချို့တဲ့မှုပြဿနာဖြေရှင်းရေး ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၁၇၈ သန်းကျော်ကူညီ

**မနီလာ ဇွန် ၂၃**

အာဟာရချို့တဲ့မှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားဆောင်ရွက်နေသည့် ဖိလစ်ပိုင်နိုင်ငံအတွက် ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ ၁၇၈ ဒသမ ၁ သန်း ထုတ်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

မွေးကင်းစ ကလေးငယ်များနှင့် ငယ်ရွယ်သည့် ကလေးများ၏ ရှေးဦးအရွယ် ရက်ပေါင်း ၁၀၀၀ ကာလ၌ ကြာရှည်စွာအာဟာရချို့တဲ့မှု လက္ခဏာဖြစ်သည့် ပုညက်မှုနှုန်း လျော့ကျစေရေး ရှေးဦးအရွယ် ကလေးသူငယ် စောင့်ရှောက်မှုနှင့် ရပ်ရွာအခြေပြု အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အကူအညီ ပေးအပ်သွားမည်ဖြစ်ကြောင်း ဝါရှင်တန်အခြေစိုက် ကမ္ဘာ့ဘဏ်အဖွဲ့က ထုတ်ဖော်ပြောဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ရှေးဦးအရွယ် ကလေးငယ်များ အာဟာရချို့တဲ့မှုနှုန်း မြင့်မားလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံအတွင်း အခွင့်အလမ်းမညီမျှမှုများ သိသိသာသာ တိုးမြင့်လာနိုင်ကြောင်း၊ ကလေးသူငယ်များ၏ အာဟာရအဆင့်အတန်းမြှင့်တင်ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများကို အားကောင်းစေပြီး လူသားအရင်းအမြစ်များ မြှင့်တင်ရေးရည်မှန်းချက်အတွက် အဓိကသော့ချက်ဖြစ်ကြောင်း ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် ဌာနေညွှန်ကြားရေးမှူး နဒီယာမီ ဒီရော့က ပြောသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၂၀ ပြည့်နှစ် ဒုတိယနှစ်ဝက်ကာလမှစတင်မြင့်တက်လာခဲ့သည့် ကမ္ဘာ့စားသောက်ကုန် ဈေးနှုန်းများသည် ယခုနှစ်တွင် အမြင့်ဆုံးအဆင့်သို့ စံချိန်တင်ရောက်ရှိခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာပြဿနာများကို ဖြစ်ပေါ်စေခဲ့သည်။ ထိုပြဿနာကို အချိန်မီကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပါက သန်းပေါင်းများစွာသော ကလေးငယ်များသည် အာဟာရချို့တဲ့မှုပြဿနာကို ပိုမိုရင်ဆိုင်လာရဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်က သတိပေးထားသည်။

ဆင်ဟွာ

# စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် အားကစားကွင်း၌ ကွင်းပတ်ပြေးလမ်းနှင့် ဘောလုံးကွင်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၂၃**




စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် အားကစားကွင်း၌ ကွင်းပတ်ပြေးလမ်းနှင့် ဘောလုံးကွင်း ဖွင့်ပွဲနှင့် ကွင်းဖွင့်ပွဲအထိမ်းအမှတ် အမျိုးသား မီတာ ၁၀၀၀၀ နှင့် အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲကို ဇွန် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ယခုတည်ဆောက်ပြီးစီးခဲ့သည့် ကွင်းပတ်ပြေးလမ်းကို စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ထူးချွန်သည့် တိုင်းဒေသကြီး ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာအောင် မွေးထုတ်ပေးကြရန် လိုအပ်ကြောင်းနှင့် မိမိတို့လေ့ကျင့်သည့် အားကစားကွင်း/ရုံများကို မိမိကိုယ်ပိုင်ပစ္စည်းကဲ့သို့ သဘောထားကာ သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ကွင်းပတ်ပြေးလမ်းနှင့် ဘောလုံးကွင်းတည်ဆောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ပြေးလမ်းနှင့် ဘောလုံးကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(**အပေါ်ပုံ**)

ထို့နောက် ကွင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အမျိုးသား မီတာ ၁၀၀၀၀ နှင့် အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုများ ချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကွင်းပတ် ပြေးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်ကိုင်းမြို့ နှစ်(၇၀၀) ပြည့် အားကစားကွင်းအတွင်းမှ ကွင်းပတ်ပြေးလမ်းကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ပြည်ထောင်စုခွင့်ပြုငွေ ကျပ်သန်း ၁၅၅၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(မြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃- ၆ - ၂၀၂၂

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၈၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၆၉၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၈၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၆၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၁၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၆ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၁၇ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၁၅ | ၁၁၂၅၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၃ | ၃၅၁၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၂၀၄ | ၁၄၀၇၆၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၆၈ | ၆၇၀၀၀၀ |
| EFR | ၂၅၀၀ | ၂၆၀၀ | ၈၀၄ | ၂၀၁၀၄၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၆-၂၀၂၂ သောကြာနေ့

### MRTV HD

**၀၆:၀၀** ပေဋ္ဌကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၆)
**၁၆:၄၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၁၀** ASEAN Information Exchange Initiative Program (Part-2)
**၁၇:၂၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'ကျွန်တော်ချစ်သောမိန်းမများ'** (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဇွန်လ(၂၇)ရက်နေ့တွင်ကျရောက်မည့် **'မြန်မာနိုင်ငံဂီတနေ့'** အားကြိုဆိုဂုဏ်ပြုသောအားဖြင့် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း **'တန်ဖိုး'**

### mitv

**07:02** Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:10** Chef Life: Ce'dric Davoine (French Chef)
**07:35** Five Tooth Relic Enshrined Pagodas
**07:48** Sarus Crane in Myanmar
**08:01** Myanmar Puppeteers (Chinlone)
**08:11** Myanmar Traditional Food: Mohinga
**08:32** Daytamotbarat Sasana Land
**08:54** Dat Taw Gyaik Waterfall
**09:01** News
**09:27** Global Partnership for Brighter Future: Jamaica Pavilion at Expo 2020 Dubai
**09:37** Myanmar Orchestra: A Blend of Arts!
**09:49** Myanmar Masterclass: Artist Khin Maung Zaw

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝမိကျောင်းများ ပျော်စံရာမိန်းမလှကျွန်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အစိမ့်ပွါယ်များ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ငါးရံ့သရက်သီးချက်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဓလေ့ရိုးရာသမက်တက်မင်္ဂလာ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
စာအတူတူဖတ်ကြရအောင်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
တောင်တန်းမြေမှပွင့်သောပန်း(မေဆန်း)
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ထူးခြားဆန်းပြားကရင်တူရိယာနှင့်တေးသံသာများ

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၂၀** (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကျောင်းမှန်မှန်တက်စာမခက်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

### MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** ကျန်းမာရေးအတွက်အကျိုးရှိစေဖို့ အော်ဂဲနစ်ငှက်ပျောကိုစိုက်ကြစို့
**၀၇:၁၀** ထန်းပင်တွေရဲ့အကြောင်းထန်းတောင်သူတို့ရဲ့ဘဝ
**၀၈:၀၀** ကျေးလက်ကွန်ရက်
**၀၈:၁၅** ရေပေါ်မှသဘာဝသီးနံ
**၀၉:၁၅** အမေရိကန်နိုင်ငံ၏အဆင့်မြင့်ရေသွင်းနည်းပညာ
**၀၉:၃၅** ချိုချဉ်ဖန်ခါးစုံလင်တဲ့ကော်ဖီသီးနံအလှ

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဇွန် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းရှိ

(၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၃၇,၅၇၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၃၂) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၁၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါ သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၆-၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့် အထက် လူဦးရေစုစုပေါင်း (၂၉,၇၅၅,၂၀၃) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၅,၃၃၀,၀၃၀) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၈၁) ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၁) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၅၃) ခု | (၂)ဦး |
| စုစုပေါင်း | (၅,၅၄၂) ခု | (၁၁)ဦး |

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၂-၆-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့် အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၇၅၅,၂၀၃ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၃၃၀,၀၃၀ |

- **ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။**
- **နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။**
- **ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိပြည်သူများ၊ အသက်(၅) နှစ်မှ (၁၂) နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၅၀၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၉၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၉၈၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကျောင်းသားကျောင်းသူ ၂၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၁၀၉၁၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၂၆၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသားကျောင်းသူ ၆၅၃ ဦးတို့ကို



တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇွန် ၂၃**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကရင်ပြည်နယ် ငြိမ်းချမ်းရေးအထောက်အကူပြုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဘားအံ ဇွန် ၂၃

**တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများရှိ တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် ငြိမ်းချမ်းရေးအထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၃ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ကရင်ပြည်နယ်ငြိမ်းချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ပူပင်ကြောင့်ကြမှုကင်းမဲ့စွာဖြင့် ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးသည်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေး ရရှိရန် ပထမအဆင့်အနေဖြင့် အပစ်အခတ် ရပ်စဲကြရန်လိုပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်ချစ်ကြည်လေးစားမှုများဖြင့် တွေ့ဆုံဆွေးနွေးရေးသည်အရေးကြီးကြောင်း၊ ငြိမ်းချမ်းမှုမရှိလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခ လျှော့ချရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့်လည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ အထူးဧည့်သည်တော်အနေဖြင့် တက်ရောက်လာသော ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၆)ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်နှင့် ကရင်ပြည်နယ်ငြိမ်းချမ်းရေးအထောက်အကူပြုကော်မတီဝင် (မြို့မိမြို့ဖများ)က ပြည်နယ်အတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် နေရာဒေသအလိုက် ကွာခြားချက်များ၊ မတူညီမှုများ၊ စိန်ခေါ်မှုများ၊ ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး ကော်မတီအတွင်းရေးမှူး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကာ ကရင်ပြည်နယ်ငြိမ်းချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အရေးကိစ္စမှန်သမျှကို အချိန်အကန့်အသတ်မရှိ ဆက်သွယ်ဆောင်ရွက်နိုင်ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟုမ္မလင်းမြို့နယ် နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဇွန် ၂၁ ရက်က ဟုမ္မလင်းမြို့နယ် နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးအဖွဲ့ တည်ဆောက်ရေး -၅ မှ တာဝန်ခံအင်ဂျင်နီယာက နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းများကို



ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့်အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူလူထုကို လျှပ်စစ်မီး လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်အရည်အသွေးများနှင့် စံချိန်စံညွှန်း ပြည့်မီကိုက်ညီစွာ တည်ဆောက်ရေး မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ(ဝဲပုံ) နှင့် အသေးစား ရေအားလျှပ်စစ် စီမံကိန်းပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာ အနီးတွင် တည်ရှိရာ ရေဆင်းဧရိယာ ၃၉၀ ဒသမ ၇၃ စတုရန်းမိုင်၊ တမံအမျိုးအစား Concrete Gravity Dam ဖြစ်ပြီး တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၁၃၅၂ ဧကပေ၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ် (၂ x ၃ မဂ္ဂါဝပ်) နှစ်စဉ်ပျမ်းမျှ ထုတ်နိုင်သည့်ဓာတ်အား ၃၄ ဒသမ ၆၈ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ၃၀ ဒသမ ၃၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကော့ကရိတ် ကညနရုံး၌ ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်

**ကော့ကရိတ် ဇွန် ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးမှ ဝန်ထမ်းများအား ပြည်သူ့ဆက်ဆံရေး ဘာသာရပ်သင်တန်း အမှတ်စဉ် (၁/၂၀၂၂)ကို ဇွန် ၂၀ ရက်မှစ၍ ဖွင့်လှစ်သင်တန်းပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် ပြည်သူ့ဆက်ဆံရေးကဏ္ဍ စုစုပေါင်းဘာသာရပ် ခုနစ်မျိုးကို သင်တန်းနည်းပြ ခုနစ်ဦးတို့က သင်တန်းသား သင်တန်းသူ ၁၃ ဦးတို့ကို ဇွန် ၂၀ ရက်မှ ၂၄ ရက်အထိ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**လှိုင်ကော် ဇွန် ၂၃**

ကယားပြည်နယ် လှိုင်ကော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ အပတ်စဉ် (၂၈) သူနာပြု- သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ ကဏ္ဍတိုးတက် မြင့်မားလာစေရန်အတွက် သူနာပြုနှင့် သားဖွားကဏ္ဍတိုးတက်ရေး၏ အရေးပါမှုများ၊နိုင်ငံတော်မှ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် ကျန်းမာရေးမူဝါဒများကို ချမှတ်ပြီး အကောင်းဆုံး ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတကာအဆင့်မီ ကျန်းမာရေး ဝန်ဆောင်မှုများ ပေးနိုင်စေရန် အရည်အချင်းပြည့်ဝသော သူနာပြုကောင်းများ လေ့ကျင့်မွေးထုတ် ပေးနိုင်ရေးနှင့် သူနာပြုများ အနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်များနှင့် အညီ လူနာများကို ပြုစုစောင့်ရှောက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒုတိယနှစ်သင်တန်းမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော သင်တန်းသူများကို လည်းကောင်း (ယာပုံ)၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးက ပထမနှစ် သင်တန်းမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော သင်တန်းသူများကို လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ပြီး ကျောင်းအုပ်ကြီး ဒေါ်မာမာဆွေက သူနာပြုများ လိုက်နာရမည့် ကျင့်ဝတ်များ၊ ဆက်လက်လေ့လာဆည်းပူးရမည့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သူနာပြုနှင့် သားဖွား သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို ဂျူတီကုတ်နှင့်ဦးဆောင်း အပ်နှင်းပေးသည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို ဆန် ၊ ဆီနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ သရက်တောရပ်ကွက်နေသူများဖြစ်သည့် မျိုးသက်နိုင်(၂၅)နှစ်နှင့် သိမ့်အိအိဖြူ (၂၄)နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Myo Thet Naing” Facebook အကောင့်နှင့် “Ei Ei Phyu” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တုတ်ကိုင်းကျေးရွာနေ အောင်လင်းကို (ခ) အုန်းစိန် (၂၀)နှစ်သည် ၎င်းအသုံးပြုသည့် “Aung Linn Ko” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နေ သန့်ဇင်အောင် (၂၈)နှစ်သည် ၎င်းအသုံးပြုသည့် “Thant Zin Aung (ခ) ကွေ့ကွေ့” Facebook အကောင့်၊ မဟာအောင်မြေမြို့နယ် ၃၆ လမ်းနေ စန်းစန်းမြင့် (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Ah Yoon” Facebook အကောင့်၊ နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာနေ အေးသန္တာ (၃၃)နှစ်သည် ၎င်းအသုံးပြုသည့် “Aye Thander” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဘိုသာညိုရိုးကျေးရွာနေ စသက်ခိုင်ဦး (၂၇)နှစ်သည် ၎င်းအသုံးပြုသည့် “Sa Thet Khaing Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ရေနံတူးဖော်ရာတွင်အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့် လိုင်စင်မဲ့ဆိုင်ကယ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြို့၊ ကုန်သေတ္တာစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ ( ID ) တွင် ကြေညာထားခြင်းမရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ပို့ကုန်ကြေညာလွှာ(ED)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် သတ္တုဟုယူဆရသောအမှုန့် ၉၅၀ ကီလိုဂရမ်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇွန် ၂၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း Super Anbo အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် မင်းတဲကြီးကျေးရွာအတွင်းတရားမဝင် ရေနံတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၁၆၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၅၉၆၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၅-၆-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၂၆)၌ တယ်လီဖုန်းကို အကျိုးရှိရှိ အသုံးချတတ်ပါက အင်မတန်အသုံးဝင်ပုံအကြောင်းကို လက်တွေ့သက်သေပြလိုက်နိုင်သော ပေါက်ကျော်တို့ သူငယ်ချင်းတစ်စုအကြောင်း တင်ဆက်ထားသည့် “ဖုန်း၏တန်ဖိုး” မျက်နှာဖုံးကာတွန်း၊ အန္တရာယ်ရှိသော အသားပိုအကျိတ်နှင့် အန္တရာယ်မရှိသော အသားပိုအကျိတ်အကြောင်း တင်ဆက်ထားသည့် “လူ့ခန္ဓာကိုယ်ရှိ အသားပိုအကျိတ်” သုတဆောင်းပါး၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိပြီး ရိုးသားသော နိုးတူးအကြောင်း ရေးဖွဲ့ထားသည့် “နိုးတူး - ရိုးသားသူရဲ့ရလဒ်” နှစ်မျက်နှာကာတွန်း၊ မိမိ၏ လိမ္မာပါးနပ်၍ ဉာဏ်အမြော်အမြင်ရှိမှုကြောင့် အသက်ဘေးက လွတ်မြောက်ကာ ပျော်ရွှင်ဖွယ်မိသားစုဘဝကို ရရှိခဲ့သော ဖိနပ်ချုပ်သမားအကြောင်း တင်ဆက်ထားသည့် “ထက်မြက်တဲ့ ဖိနပ်ချုပ်သမား” ပုံပြင်ကဏ္ဍ၊ အပင်ပေါ်က သရက်သီးကို အလွယ်တကူ ရလိုက်သော လူငယ်လေးတစ်ယောက်အကြောင်း တင်ဆက်ထားသည့် “ကံတရား” တစ်မျက်နှာကာတွန်း၊ စာပေဗိမာန် စိန်ရတုအထိမ်းအမှတ်အဖြစ် ပြုလုပ်သော ရွှေသွေးတို့လက်ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် “ကျွန်တော့်မိုးရာသီမြင်ကွင်း” စာစီစာကုံးကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# နမ့်ခမ်းမြို့၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အမှတ် (၁) မန့်ခမ်းရပ်ကွက်တွင် မူဆယ်မှ နမ့်ခမ်းသို့ ခါးအောင် မောင်းနှင်လာသော TOYOTA HILUX REVO မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၂ ဒသမ ၂၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ကွတ်ခိုင်မြို့နယ်မှ နမ့်ခမ်းမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ - ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထား နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) Ph.D(Anatomy) | ၃ နှစ် |
| (၂) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) Ph.D(Physiology) | ၃ နှစ် |
| (၃) | ပါရဂူဘွဲ့(ဇီဝဓါတုဗေဒ) Ph.D(Biochemistry) | ၃ နှစ် |
| (၄) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) Ph.D(Medical Microbiology) | ၃ နှစ် |
| (၅) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) Ph.D(Pharmacology) | ၃ နှစ် |

(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) Dr.Med.Sc(General Medicine) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) Dr.Med.Sc(General Surgery) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) Dr.Med.Sc(Paediatrics) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) Dr.Med.Sc(Cardiology) | ၃ နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ) Dr.Med.Sc(Neurology) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) Dr.Med.Sc(Neuro Surgery) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) Dr.Med.Sc(Nephrology) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) Dr.Med.Sc(Urology) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) Dr.Med.Sc(Hepatology) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ) Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ) Dr.Med.Sc(Neonatology) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) Dr.Med.Sc(Hand Surgery) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) Dr.Med.Sc(Gynaecological Oncology) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) Dr.Med.Sc(Reproductive Health) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ) Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ) Dr.Med.Sc(Radiology) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နားနှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုး၊အကြောအဆစ်ဆေးပညာ) Dr.Med.Sc(Rheumatology) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ) Dr.Med.Sc(Spine Surgery) | ၃ နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ) Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃ နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ) Dr.Med.Sc(Endocrinology) | ၃ နှစ် |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ) Dr.Med.Sc(Mental Health) | ၃ နှစ် |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| (၃၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ) Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| (၃၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ) Dr.Med.Sc(Dermatology) | ၃ နှစ် |
| (၃၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) Dr.Med.Sc(Histopathology) | ၃ နှစ် |
| (၃၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတုရောဂါဗေဒ) Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| (၄၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) Dr.Med.Sc(Haematopathology) | ၃ နှစ် |
| (၄၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) Dr.Med.Sc(Paediatric Haemato-Oncology) | ၃ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) ခြွင်းချက်သတ်မှတ်ထားသော သင်တန်းများမှအပ သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ၊ ဇီဝဓါတုဗေဒ၊ ဆေးဝါးဗေဒ) နှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများ နှင့် မြန်မာနိုင်ငံ ဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူများဖြစ်ရမည်။
(ဃ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc) အတွက် လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ်မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(င) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန် သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝ ဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ် ရှိရမည်။
(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) (သို့မဟုတ်) (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (အရိုးရောဂါပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ည) ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထား သူဖြစ်ရမည်။
(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာ သိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) သွားဘက် ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုး ခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)ဘွဲ့ရရှိပြီး ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကု ဌာနတွင် လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူများ (သို့မဟုတ်)ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ခွဲစိတ်ကု ပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ(ခွဲစိတ်ကုပညာ)(သို့မဟုတ်)ဆေးပညာမဟာသိပ္ပံ(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(တ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ထ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများ အတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဒ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာ သိပ္ပံ(ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဓ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(န) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၁၉.၈.၂၀၂၂)ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက် နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရ အောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၂၉.၉.၂၀၂၂)ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး - ၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ငွေစာရင်း အမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင် နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင် ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ ဘွဲ့လွန်ဘာသာရပ်တစ်ခုချင်းအလိုက်၊ တက္ကသိုလ်အလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် အများဆုံး လက်ခံသင်ကြားပေးနိုင်မည့်ဦးရေအဖြစ် တက္ကသိုလ် Website များမှ ကြေညာပေးရန်၊ အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်း ရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ကြောင်း တစ်ပါတည်း ကြေညာ အပ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁၈-၃၈၂၄၈၅) သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါ သည်။ ဆေးတက္ကသိုလ်(၁)၏ Website: http//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ရန်ကုန်**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကြော်ငြာစာအမှတ်(၁/၂၀၂၂)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၄၀)နေရာအတွက် လျှောက်လွှာ ခေါ်ယူခြင်းဖြစ်ပါသည်-

(က) ဒု-ဦးစီးမှူး လစ်လပ်(၂၀)နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)
(ခ) အငယ်တန်းစာရေး/စာရင်းကိုင်-၄ လစ်လပ်(၂၀)နေရာ
(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဒု-ဦးစီးမှူးရာထူးအတွက် ဝါဏိဇ္ဇဘွဲ့ (B.Com)/ဝါဏိဇ္ဇဘွဲ့ [B.Com(Hons:/B.Com, CPA] မဟာဝါဏိဇ္ဇဘွဲ့ (M.Com)/ စာရင်းကိုင်ပညာဘွဲ့ (B.Act)/ စာရင်းကိုင်ပညာ မဟာဘွဲ့ (M.Act)၊ စီးပွားရေးပညာဘွဲ့ [B.Econ (Statistics, Economics)]၊ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [B.A(English)/M.A(English)]၊ ဥပဒေဘွဲ့ [(LL.B/B.A(Law)]/မဟာဥပဒေဘွဲ့ [LL.M/M.A(Law)] ရရှိသူဖြစ်ရမည်။ (မဟာဘွဲ့ရရှိသူများ ဦးစားပေးရွေးချယ်မည်)
(ဂ) အငယ်တန်းစာရေးနှင့် စာရင်းကိုင်-၄ ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ ရရှိသူဖြစ်ရမည်။ (အမျိုးသားဦးစားပေးရွေးချယ်မည်)
(ဃ) လုပ်ငန်းသဘာဝအရ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။
(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ပြီး ဤဦးစီးဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ၂၀၂၂ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၈)နှစ်ထက် မကျော်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေး ဘဏ်ရှိငွေစာရင်းအမှတ် (MD-010022)သို့ ပေးသွင်းရမည်။ အခြားမြို့များမှ ပေးသွင်းပါက သက်ဆိုင်ရာ မြို့၏ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ငွေလွှဲလက်မှတ်ဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် MD-010022 သို့ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံများကို နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -
(က) ပညာအရည်အချင်း အထောက်အထားအတွက် ဘွဲ့လက်မှတ်/အောင်လက်မှတ် (မိတ္တူ)
(ခ) ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၅)ပုံ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)
(ဃ) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
(င) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံချက်(မူရင်း)
(ဆ) စာမေးပွဲဝင်ကြေး ပေးသွင်းပြီးသည့်ချလန်(မူရင်း)
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်(မိတ္တူ)

၆။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ ပြင်ပမှ လျှောက်ထားသူများအနေဖြင့် ဤဦးစီးဌာန(နေပြည်တော်)ရုံးသို့ လျှောက်လွှာကို (၂၄-၇-၂၀၂၂)ရက်နေ့အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများကို (၁-၈-၂၀၂၂)ရက်နေ့ နံနက်(၀၉:၃၀)ချိန်တွင် ရုံးအမှတ်(၃)၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၌ အောက်ပါ အတိုင်း အရည်အချင်း စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပြီး ရေးဖြေနှင့် ကွန်ပျူတာကျွမ်းကျင်မှု လက်တွေ့ အောင်မြင်သည့်အမည် စာရင်းကို (၃-၈-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ ရွေးချယ်ခန့်ထားမည့်အမည်စာရင်းကို (၁၈-၈-၂၀၂၂) ရက်နေ့တွင်လည်းကောင်း ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန၏လိပ်စာ Website(www.commerce.gov.mm)တို့တွင် ထုတ်ပြန် ကြေညာထားမည်ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ(ရေးဖြေ) | ၁-၈-၂၀၂၂ | နံနက်(၀၉:၃၀မှ၁၁:၃၀ထိ) |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှုလက်တွေ့ | ၁-၈-၂၀၂၂ | နံနက်(၁၂:၃၀မှ၁၆:၀၀ထိ) |
| (ဂ) | အထွေထွေဗဟုသုတ(လူတွေ့) | ၅-၈-၂၀၂၂ | နံနက်(၀၉:၃၀မှ၁၆:၀၀ထိ) |

၈။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၉-၇-၂၀၂၂)ရက်နေ့တွင် မိမိလျှောက်ထားသည့် ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊စီမံရေးရာဌာနခွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) နှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၉။ အသက်ကန့်သတ်ချက်ကျော်လွန်သူများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ ငွေသွင်းသူများအား လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင် ဖြစ်စေ ဖုန်းနံပါတ် ၀၆၇-၃၄၀၈၂၃၁၊ ၀၆၇-၃၄၀၈၃၀၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးသောင်းဝင်း(MAPCO Golden Lace Co.,Ltd)မှ (WILMAR MYANMAR RICELAND KYAIKLAT LIMITED("WMARKL") ဆန်းစက်လုပ်ငန်းလိုင်စင် အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသောင်းဝင်း ၁၂/စခန(နိုင်) ၀၂၈၀၃၆**
**MAPCO Golden Lace Co.,Ltd**

---

## ဖခင်အမည်မှန်

ရွှေတောင်မြို့၊ ဧရာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-10 မှ မသင်းထိုက်စံ၏ ဖခင်အမည်မှန်မှာ ဦးစည်သူအောင် ၈/မတန(နိုင်)၀၅၂၆၀၆ ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/6682, TOYOTA DYNA BU67 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီရှီ ၁၃/ကတန(နိုင်)၁၂၈၃၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၁၁၉၄၁၊ Honda Dream ND 125M ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းရွှေ ၁၃/ကတန(နိုင်)၀၉၁၄၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

---

## အများသိစေရန်ကြေညာခြင်း

ယုဇနဥယျာဉ်မြို့တော်၊ (၁)လမ်း၊ တိုက်နံပါတ်(၇)၊ အခန်းအမှတ်(၂၀၃၊ A) နေ ဦးအောင်သင်း-ဒေါ်တင်လေးနွယ် ၇/ပခန(နိုင်)၃၉၅၀၄တို့၏သား မောင်ရှိုင်း ဝဏ္ဏအောင်အား ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်မြို့၊ အမှတ်(၁) ရပ်ကွက်နေ (ဦးသိန်းထိုက်ဦး)-ဒေါ်အုန်းငွေ ၁၂/ကမရ(နိုင်) ၀၃၆၆၂၀တို့က အမွေစား အမွေခံသားအဖြစ်တရားဝင် မွေးစားလိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အုန်းငွေ**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/45279, Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဦး ၈/ပခက(နိုင်)၁၀၆၀၅ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/1204, Toyota Premlo Azt240, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်း ၈/တတက(နိုင်)၁၅၈၉၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၈)ရပ်ကွက်၊ အကွက်အမှတ် (၁၁၉-ခ)၊ မဟာဗောဓိကျောင်းအကွက်၊ ဦးပိုင်အမှတ် (၃၈/ခ)၊ ဧရိယာ ၀ဒသမ၀၂၇ဧကရှိမြေအား ဦးမင်းသူထက် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၇၁)၊ ဈေးချောင်းတောင်၊ ဦးပိုင်အမှတ် (၄၄၁၊ ၄၄၂၊ ၄၄၃)၊ စုစုပေါင်း ဧရိယာ ၀ဒသမ၀၆၅ဧကရှိ မြေနှင့် ဦးပိုင်အမှတ် (၄၂၇)၊ (၄၂၈)၊ (၄၂၉)၊ (၄၃၀)၊ (၄၃၁)၊ (၄၃၂)၊ စုစုပေါင်းဧရိယာ ဝဒသမ၀၆၅ဧကရှိ မြေတို့အား ဦးကျော်ဝင်းလှိုင်အမည်ဖြင့် မြေပေး မိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## ဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ -ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန် သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးပညာဒီပလိုမာ (Dip.Med.Sc) သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ Dip.Med.Sc (Clinical Pharmacology) | (၁) နှစ် |

**ဆေးပညာမဟာသိပ္ပံ(M.Med.Sc)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) M.Med.Sc (Anatomy) | (၂)နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) M.Med.Sc (Physiology) | (၂)နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ) M.Med.Sc (Biochemistry) | (၂)နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) M.Med.Sc (Pharmacology) | (၂)နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) M.Med.Sc (Preventive & Tropical Medicine) | (၂)နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) M.Med.Sc (Microbiology) | (၃)နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) M.Med.Sc (Pathology) | (၃)နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) M.Med.Sc (Anaesthesiology) | (၃)နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) M.Med.Sc (Medical Jurisprudence) | (၃)နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) M.Med.Sc (Orthopaedics) | (၄)နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ) M.Med.Sc (Radiology) | (၄)နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) M.Med.Sc (Internal Medicine) | (၃)နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) M.Med.Sc (Surgery) | (၃)နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ) M.Med.Sc(Obstetrics & Gynaecology) | (၃)နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) M.Med.Sc (Paediatrics) | (၃)နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) M.Med.Sc (Urology) | (၃)နှစ် |

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ( ၁ ) | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) Ph.D (Anatomy) | (၃) နှစ် |
| ( ၂ ) | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) Ph.D (Physiology) | (၃) နှစ် |
| ( ၃ ) | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) Ph.D (Biochemistry) | (၃) နှစ် |
| ( ၄ ) | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) Ph.D (Medical Microbiology) | (၃) နှစ် |
| ( ၅ ) | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) Ph.D (Pharmacology) | (၃) နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) Dr.Med.Sc (General Medicine) | (၃) နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) Dr.Med.Sc (Obstetrics & Gynaecology) | (၃) နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) Dr.Med.Sc (Paediatrics) | (၃) နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ) Dr.Med.Sc (Histopathology) | (၃) နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓါတုရောဂါဗေဒ) Dr.Med.Sc (Chemical Pathology) | (၃) နှစ် |

၂။ လိုအပ်သောအရည်အချင်း

**(က) ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံ ဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။
(၃) ဆေးပညာမဟာသိပ္ပံ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင် ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။
မှတ်ချက်။ ။(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ ဥပဒေရေးရာဆေးပညာနှင့်မေ့ဆေးပညာ) မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။
(၄) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅) နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

**(ခ) ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်တန်း**

(၁) ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၃) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
(၄) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဂ) ဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူ ဖြစ်ရမည်။
(၃) ခြွင်းချက်သတ်မှတ်ထားသောသင်တန်းများမှအပ သက်ဆိုင်ရာ ဘာသာရပ်၌ဆေးပညာမဟာသိပ္ပံ ဘွဲ့ရရှိထားသူဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ ဆေးဝါးဗေဒ) ပါရဂူဘွဲ့သင်တန်းများအတွက် သက်ဆိုင်ရာ ဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။
(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူ ဘွဲ့လွန်သင်တန်း ဝင်ရောက်ခွင့် လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ)သင်တန်းများအတွက်လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ် ရှိရမည်။ ကျန် ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက် (၄)နှစ် ရှိရမည်။
(၆) ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)/(ဓါတုရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။
(၇) လျှောက်လွှာပိတ်သည့်နေ့တွင်အသက်(၅၂)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ်(၃-စျ)၊ မြေဧရိယာ ၀ ဒသမ ၁၅၀ ဧကရှိ အစိုးရ မြို့မြေကွက်အား ဦးဟိန်းနိုင်ဘုန်း(ဘ)ဦးဘုန်းနိုင် ၉/လဝန(နိုင်)၁၅၁၇၁၇ မှ မြေကွက် အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးထောက်ခံချက် မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၃/အောင်ချမ်းသာ (အောင်ဇမ္ဗူ)၊ မြေကွက်အမှတ်(၂၂၆)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်အား ဦးမျိုးသိန်း(ဘ)ဦးကျော်ဝင်း ၉/တကန(နိုင်)၁၂၈၁၆၂ မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ်
## မကွေးမြို့
### ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)(MCommH)သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ဖွင့်လှစ်သင်ကြားမည့် ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(၁)နှစ် သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သော အရည်အချင်း**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)(သို့မဟုတ်) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA) သင်တန်းတက်ရောက်အောင်မြင်ပြီး B.Sc/B.A ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံ ကျန်းမာရေး) ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(ဃ) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး)(CHA)သင်တန်းဆင်းပြီး B.SC / B.A ဘွဲ့ ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA)(သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA)သင်တန်း တက်ရောက်အောင်မြင်ပြီးနောက် ခွင့်ရက်မပါ လုပ်သက်အနည်းဆုံး (၃)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးမဟာသိပ္ပံဘွဲ့ အခြေခံကျန်းမာရေး ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၉-၈-၂၀၂၂ ရက် (သောကြာနေ့)ဖြစ်သည်။
၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။
သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။
၆။ ဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၌ ၃၀-၉-၂၀၂၂ရက် (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်သည်။
၇။ ကျန်းမာရေးမဟာသိပ္ပံဘွဲ့ အခြေခံကျန်းမာရေးသင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀/ (ကျပ်တစ်ထောင်တိတိ)ကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ မြန်မာ့စီးပွားရေးဘဏ်(မကွေး)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-(011088) သို့ပေးသွင်းရမည်။ (မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (မကွေး)တွင် ဖွင့်လှစ်ထားသည့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ငွေစာရင်းအမှတ် MD-(011088) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)
၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။
၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။
၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ/မပြုသည် ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရမည်။
၁၁။ တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို အခြေခံ ကျန်းမာရေးတက္ကသိုလ် မကွေး Website မှတစ်ဆင့် ကြေညာပါမည်။ အများဆုံးလက်ခံသင်ကြားပေးနိုင်မည့်ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ကြောင်း တစ်ပါတည်း ကြေညာအပ်ပါသည်။
၁၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ Website:www.uch.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ဖုန်း-၀၉-၉၆၂၀၂၉၂၃၅၊ ၀၉-၂၅၆၁၄၄၃၈၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေး**

**အမည်ပြောင်း**

ဦးအိုက်ကျော် ၁၃/မတတ(နိုင်)၀၀၀၇၂၆၏ သား နမ္မတူမြို့ အ.ထ.က(၂) အဋ္ဌမတန်း Grade-9 မှ မောင်ကျော်စိုးဦးအား မိုင်းနိုင်ခမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 26W/75651 ယာဉ်လက်ဝယ်ရှိသူ ဦးဂျက်စိုးဦး ၉/ကဆန(နိုင်)၁၄၅၀၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## အမည်မှန်

မကာရယ်လိုင်း(ခ) ကယန်ရယ်ထူး ၂/လကန(နိုင်)၁၁၀၃၀၄၏ အမည်မှန်မှာ မကာရိုလိုင်းငွေစင်ထူး (လွိုင်ကော်တက္ကသိုလ်၊ အဝေးသင် ဒုတိယနှစ်-ပထဝီ) ဖြစ်ပါကြောင်း။

**မကာရိုလိုင်းငွေစင်ထူး**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၂)၊ နဝမတန်း Grade-11မှ မောင်ဝိုင်းလိပ်ခေးလူ၏ ဖခင်အမည်မှန်မှာ စိုင်းလွမ်ဆာဖြစ်ပါကြောင်း။

**စိုင်းလွမ်ဆာ**
**၁၃/မဆတ(နိုင်)၀၅၃၆၇၃**

## အမည်ပြောင်း

ဦးယီပူး ၁၃/မဆတ(နိုင်)၀၃၄၈၈၉၏ သား မူဆယ်မြို့၊ အ.ထ.က(၂) Grade-10မှ မောင်အိုက်လူအား အား မိုင်းအိုက်လူ ၁၃/မဆတ(နိုင်) ၀၇၁၅၆၇ ဟု ပြောင်းလဲခေါ်ပါရန်။ **မိုင်းအိုက်လူ**
**၁၃/မဆတ(နိုင်)၀၇၁၅၆၇**

## အမည်ပြောင်း

ကျောက်ဆည်မြို့၊ အ.မ.က(၈) မူလတန်းလွန်ကျောင်း Grade-5 မှ ဦးဇင်လင်းမြင့်၏ သမီး မယွန်းနဒီလင်းအား မယွန်းမေဦးဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းမေဦး**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇင်မာလှိုင် ၈/နမန(နိုင်) ၁၅၄၅၆၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနွယ်နွယ်ဝေ ၈/မလန(နိုင်) ၁၁၁၀၉၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စန်းထွန်းအောင် ၈/ခမန(နိုင်)၁၉၁၈၄၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးအေးမွန် ၈/မလန(နိုင်)၁၂၁၆၂၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၇၁၁၉ Zong Shen zs CZJ 125 ယာဉ်လက်ဝယ်ရှိသူ Paing Lin Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**သွေးသည် အသက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
### ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ ဒီပလိုမာ Dip Med.Sc (Family Medicine) | (၁) နှစ် |

၂။ လိုအပ်သောအရည်အချင်း
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမ်ဘီဘီအက်စ်ဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) လက်ရှိတရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင်သက်တမ်း(၂)နှစ် ပြည့်ပြီး သက်တမ်းတိုး ကိုင်ဆောင်ထားသူ ဖြစ်ရမည်။
(ဃ) အသက်သတ်မှတ်ချက်မရှိပါ။
(င) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။
(စ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၉-၈-၂၀၂၂ ရက် (သောကြာနေ့)ဖြစ်ပါသည်။
၄။ လျှောက်လွှာများကို ပါမောက္ခချုပ် ဆေးတက္ကသိုလ်၊ မကွေးသို့ လိပ်မူ၍ ငွေသွင်းချလန်မူရင်းနှင့်အတူ ပေးပို့လျှောက်ထားရမည်။
၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၃၀-၉ -၂၀၂၂ ရက် (သောကြာနေ့) ဖြစ်ပါသည်။
၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်- MD- ၀၁၁၁၁၈ သို့ ပေးသွင်းရမည်။
**(မှတ်ချက်။** မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ မကွေး၏ ငွေစာရင်းအမှတ် MD - ၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)
၇။ လျာထားဦးရေသတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြေညာပါမည်။ အများဆုံး လက်ခံသင်ကြားပေးနိုင်မည့်ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်း ရမှတ်ပြည့်မီခြင်းမရှိပါက ရွေးချယ်မည် မဟုတ်ကြောင်း တစ်ပါတည်း ကြေညာပါမည်။
၈။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၏ Website - http://www.ummg.gov.mm နှင့် http://www.ummg.edu.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်)ဘွဲ့လွန်ဌာနစိတ်၊ ဖုန်း-၀၆၃-၂၀၂၃၇၀၁(လိုင်းခွဲ - ၁၁၀)သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်၊ မကွေး**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၁)၊ ဦးပိုင်(၂၇)၊ ဧရိယာ ၀ ဒသမ ၁၉၃ ဧကရှိ ဦးဒီနေ့ကူးမား အမည်ပေါက် မြေကွက်ကို ဦးကျော်စိုးက တရားဝင်ဝယ်ယူခဲ့ပြီး ဦးဒီနေ့ကူးမားအမည်မှ ဦးကျော်စိုး ၁၂/ဗဘတ(နိုင်)၀၀၈၂၉၉ အမည်သို့ အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးကျော်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/44494 Honda Scoopyi-110, M/C ယာဉ်လက်ဝယ်ရှိသူ Ever OK Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ ရန်အောင်လမ်းနေ ဦးမြင့်ဝင်း ၁၀/ပမန (နိုင်)၀၀၉၆၅၇ နှင့် ဒေါ်ဝါဝါရွှေ ၁၀/မလမ(နိုင်)၁၉၀၁၁၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ၏ မိတ်ဆွေများဖြစ်သူ ဦးမြင့်ဝင်းနှင့် ဒေါ်ဝါဝါရွှေတို့၏ သားဖြစ်သူ မောင်ဆန်းအောင် ၁၀/မလမ (နိုင်) ၂၇၉၉၁၄ သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲစေရန် ပြုမူသဖြင့် မောင်ဆန်းအောင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်ဆန်းအောင်နှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဦးမြင့်ဝင်း၊ ဒေါ်ဝါဝါရွှေတို့နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်လွင်ထိုက် (LL.B) (စဉ်-၉၉၄၂/၂၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၇၀/အေ) အတ္ထရံရေကန်အနောက်လမ်း၊**
**တောင်ရှမ်းစု၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း - ၀၉-၄၂၅၆၂၇၈၃**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့ ကံကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၈၇/သစ်တောင်)၊ မြေကွက်အမှတ် 7၊ ဦးပိုင်အမှတ်(၇) ဧရိယာ ၀ ဒသမ ၄၄၆ ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူ ဦးချစ်ကိုကို အမည်ဖြင့် ဂရန်အမှုတွဲအမှတ် ၂၄/၂၀၁၂ အရ အမည်ပေါက်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးချစ်ကိုကို ၁၃/မယတ(နိုင်)၀၀၂၅၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းမိုင်း ၁၃/ပလန(နိုင်)၀၀၀၁၀၈ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ထားသည့်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အပြီးသတ်အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင် အမည်ပြောင်းလဲရန်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နန်းမိုင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ကြည်ပြာသိမ့်(LL.B)** | **ဒေါ်နန်းစန်းစန်းဝင်း(LLB)** | **ဒေါ်နွယ်နွယ်သက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၀၇၂/၁၆-၁-၂၀၁၈)** | **(စဉ်-၅၄၅၂၂/၂၅-၁၁-၂၀၂၁)** | **(စဉ်-၅၄၅၂၃/၂၅-၁၁-၂၀၂၁)** |

**မြမြင့်မိုရ်ရှေ့နေရုံးခန်း၊ အမိပတိ(တောင်ကြီး)၊ LEGALGROUP COMPANY LIMITED**
**တောင်ကျောင်းကြီးလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၃၇၉၇၃၊ ၀၉-၄၂၈၃၃၅၃၇၈၊ ၀၉-၉၅၄၃၃၇၉၇၃**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၀၆)ရပ်ကွက်၊ အောင်သီတာ (၁) လမ်း၊ အမှတ်(၁၁၂၄)ဟု ခေါ်တွင်သော (၄၀x၆၀)ပေရှိ ဦးစိုးဝင်း ၁၂/ကမရ(နိုင်) ၀၁၈၂၄၉ ပါမစ်အမည်ပေါက် မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအောင်သန်း ၁၂/သဃက(နိုင်)၀၁၅၂၃၀ မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုလျက် ရောင်းချရာ ဦးစံမြင့် ၁၄/ကလန (နိုင်)၀၄၂၉၀၄ မှ ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချထားပြီးဖြစ်ပါသည်။ ရောင်းဝယ်မှုအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်အရေးဆိုလိုပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစံမြင့် ၁၄/ကလန (နိုင်) ၀၄၂၉၀၄**
**အမှတ်(၁၁၁၁)၊ ဘုရင့်နောင်လမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၆၀၇၅၃၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၁၈၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးသန်းထိုက်အောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဥမ္မာလွင် (ဘ)ဦးမြလွင် ၅/စကန(နိုင်) ၀၂၈၅၁၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ခြံစည်းရိုးကာရံခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ဖခင်အမည်မှန်

ရှမ်း(တောင်)၊ နမ့်စန်မြို့၊ အထက (နမ့်စန်)၊ ဒသမတန်းမှ မဇွန်ဖူးဖူးမောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လတ် ၁၃/လလန(နိုင်)၀၆၃၆၈၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 4P/4917(Mazda) ယာဉ်ပိုင်ရှင် ဦးတင်မောင်ဆန်း ၅/ဝလန(နိုင်)၈၈၅၅၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/26918, HAOJUE HJ 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၁၂/သလန(နိုင်) ၁၀၉၃၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊နည်းဥပဒေ -၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅၂**

ဦးအောင်ကျော်ထူး နှင့် ဦးသောင်း
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဖိုးရာဇာ(၂)လမ်း၊ အမှတ် (၉၆၇)နေ ဦးသောင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် (၆)ရက်(၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် – ၅၊နည်းဥပဒေ–၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်–၉၀**

ဒေါ်သန်းသန်းခိုင် နှင့် ၁။ ဦးကျော်ဇေယျာမောင်
၂။ ဒေါ်ပန်းအိစံ
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်း၊ အမှတ် (၄၄၉)နေ တရားပြိုင်များဖြစ်သည့် ၁။ ဦးကျော်ဇေယျာမောင်၊ ၂။ ဒေါ်ပန်းအိစံ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သော ဒေါ်သန်းသန်းခိုင်က ငွေကျပ်သိန်း(၁၀၀) ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၅ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက်၊ အင်္ဂါနေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လေးနုအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**သန်လျင်မြို့နယ်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂ ရပ်ကွက်၊ ငွေပြည်သာလမ်း၊ အမှတ်(၃/၄)၊ ၁၃၅၅ နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝင်း ၃/ဘအန(နိုင်)၂၀၅၄၉၅ သည် ၁၂-၉-၂၀၂၁ ရက်က မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၃၃)နေ ဒေါ်မြင့်မြင့်ခိုင် ၁၂/မရက(နိုင်)၁၂၅၂၀၂ တရားဝင်ပိုင်ဆိုင်သည်ဆိုသောအပေါင်အနှံအရှုပ်အရှင်းကင်းသည့် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၃၄)၊ ဒုတိယထပ်(ခြေရင်းခန်း)၊ (၁၂x၅၀) ပေ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ကာ တန်ဖိုးငွေကျပ်သိန်း ၂၆၀ တိတိဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့်အပြင် ၇-၁၀-၂၀၂၁ ရက်က မရမ်းကုန်းမြို့နယ်၊ ၁/ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၃၆)၊ (မြေညီထပ်)ခေါင်းရင်းခန်းနေ ဒေါ်မေမြင့်ရီ ၁၂/မဘန(နိုင်)၀၅၉၁၄၅ တရားဝင်ပိုင်ဆိုင်သည်ဆိုသော အပေါင်အနှံအရှုပ်အရှင်းကင်းသည့် ဖော်ပြပါအမှတ်(၂၃၆)တိုက်၏ ပထမထပ် (ခြေရင်းခန်း) (၁၂x၅၀)ပေ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ချုပ်ကာ တန်ဖိုးငွေကျပ်သိန်း ၂၇၀ တိတိဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှစ်ခန်းကို တရားဝင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းဝင်း တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတင်ဝင်း (စဉ်-၇၀၂၉)** **ဦးတင့်ဇော် (စဉ်-၄၄၄၃၃)**
**(LL.B, D.B.L, D.M.L, D.I.L)** **(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ် (၆၆၁)၊ မြေညီထပ်၊ မာဃ(၆)လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/58130 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၂/လကန(နိုင်)၀၉၅၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး၊ လွိုင်ကော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/3732 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင် ၂/လကန(နိုင်)၀၅၅၂၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး၊ လွိုင်ကော်မြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏မူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

MODUS OPERANDI COMPANY LIMITED ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ MODUS OPERANDI COMPANY LIMITED သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၄၅၁၈၉၆၂) ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားသည့် ကုမ္ပဏီဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ MODUS OPERANDI COMPANY LIMITED သည် အောက်ဖော်ပြပါ လုပ်ငန်းသုံး အမှတ်တံဆိပ်အမည်အမှတ်အသားများကိုအသုံးပြု၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၅-၅-၂၀၂၂) ရက်နေ့တွင် တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီး **မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း**အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဆိုင်ခန်း၊ ရုံးခန်း ကုမ္ပဏီခွဲများဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

Modus Operandi — မှတ်ပုံတင်အမှတ် (၃၉၃၂/၂၀၂၂)
MoMoney — မှတ်ပုံတင်အမှတ် (၃၉၃၃/၂၀၂၂)
MoBills — မှတ်ပုံတင်အမှတ် (၃၉၃၄/၂၀၂၂)
MoPayments — မှတ်ပုံတင်အမှတ် (၃၉၃၅/၂၀၂၂)
MO — မှတ်ပုံတင်အမှတ် (၃၉၃၆/၂၀၂၂)

၎င်းလုပ်ငန်းသုံး အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ဆိုင်းဘုတ်၊ ဘလောက်တုံး၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ Letter Head, Internet, E-mail & Website, Facebook, Logo, Invitation, Billboard စသည်တို့ကို ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့ကို အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းသုံး အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူရိုးမှား၊ ထင်ယောင်ယင်မှား၊ တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်သုံးစွဲပါက ကျွန်ုပ်တို့၏မိတ်ဆွေ MODUS OPERANDI COMPANY LIMITED ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာဒေသ၊ တရားရုံးများတွင် တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

"MODUS OPERANDI COMPANY LIMITED ၏လွှဲအပ်ချက်အရ"

**"တရားလွှတ်တော်ရှေ့နေများ"**
**ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** **ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)**
***LL.B, WIPO (Switzerland)*** ***(LL.B, D.B.L, D.I.L)***
**Good Friend Consultant Law Firm**
အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
Ph : 01-385205, 09-420088970

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်- ၄၂၅**

ဒေါ်စန္ဒာဝင်း နှင့် ၁။ ဒေါ်ခင်သိန်း
၂။ ဒေါ်ဒေစီမမြင့်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ အမှတ်-၂၀၀/က နေ (၁) တရားပြိုင်ဒေါ်ခင်သိန်း(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ် တရားလိုက "မြေကွက်နှင့်နေအိမ်အပြီးအပိုင်အရောင်းအဝယ်ငွေချေကတိစာချုပ်ကို အသစ်ထပ်မံချုပ်ဆို မှတ်ပုံတင်ဆောင်ရွက်ပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက် ( ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၇ ရက်)နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၁၉၉**

ဒေါ်နွယ်နီလှိုင်(ခ)ဒေါ်ချင်းချောက် နှင့် ၁။ ဦးကျီးရင်(ခ)လိုက်ချီလျှံ
(၎င်း၏တရားဝင်ကိုယ်စားလှယ်စာရသူ ၂။ ဒေါ်စန်းစန်း
ဦးမြင့်အောင်) ၃။ ဒေါ်စိန်စိန်
၄။ ဒေါ်မြညွန့်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ Universal ဝင်း၊ မြခွာညိုအိမ်ရာ၊ အမှတ်(၉)နေ (၁) တရားပြိုင် ဦးကျီးရင်(ခ)လိုက်ချီလျှံ၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၅၂)နေ (၂)တရားပြိုင် ဒေါ်စန်းစန်း၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာနေ (၃)တရားပြိုင် ဒေါ်စိန်စိန်နှင့် (၄)တရားပြိုင် ဒေါ်မြညွန့်(ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် (၁)ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ နွယ်သာကီ(၂)လမ်း၊ မြေကွက်အမှတ်(၆၄၅/က)၊ ဧရိယာအကျယ်အဝန်း ၁၂၀၀ စတုရန်းပေ၊ အလျား ၂၀ ပေx အနံ ၆၀ ပေ ဦးဉာဏ်ဝင်းဂရန်အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဇနီးဖြစ်သူ ဒေါ်လီဆွေရင် ၁၂/ဥကမ(နိုင်)၁၁၆၉၁၀ အား အပိုင်ပေးစာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသီရိဗို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၆၀)**
**ဖုန်း-၀၉-၅၀၄၈၈၆၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၂/ရှင်ဘို့မယ်)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်အမာကြည် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်ကို သမီးဖြစ်သူ ဒေါ်ကြည်ကြည်သာမျိုး(ဘ)ဦးမျိုးတင့် ၇/ပမန(နိုင်)၁၀၇၅၂၀ မှ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၆/၂၀၂၂)၊ သေဆုံးကြောင်း လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်းများတင်ပြပြီး အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ သုခလမ်း၊ အကွက်အမှတ်နှင့်အမည် (၇၆/ကွင်းရပ်)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိမြေသည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(၁-က)စာရင်းတွင် ဝင်တော်ဝ၊ မကြင်မြိုင် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးတောက်ဝါသည် ၁၁-၁၀-၁၉၆၈ ရက်တွင်လည်းကောင်း၊ ဒေါ်ကြင်မြိုင်သည် ၁၆-၃-၁၉၆၂ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ဦးတောက်ဝါနှင့် ဒေါ်ကျင်မြိုင်တို့သည် သား(၅)ဦးအနက် ဦးဝင်းကြည်တစ်ဦးတည်းသာကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် ဦးဝင်းကြည်သည် မိဘနှစ်ပါးကျန်ရစ်ခဲ့သော အထက်ဖော်ပြပါပစ္စည်းကို မော်လမြိုင်ခရိုင်တရားရုံးတော်၌ တရားမအထွေထွေမှုအမှတ်-၄/၂၀၂၁ အရ အမွေထိန်းလက်မှတ်စာလျှောက်ထားခဲ့ရာ ကွယ်လွန်သွားခဲ့ပြီးဖြစ်သော အထက်ဖော်ပြပါ ဦးဝင်းကြည်၏ အစ်ကို(၄)ဦး၏ ဆက်ခံသူများဖြစ်သော ဇနီး(၄)ဦးမှလည်း ကန့်ကွက်ရန်မရှိကြောင်း ရုံးတော်တွင်လာရောက်ထွက်ဆိုသောကြောင့် ရုံးတော်မှ ဦးဝင်းကြည်အား ၁၀-၅-၂၀၂၁ ရက်တွင် အမွေထိန်းလက်မှတ်စာထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ဦးဝင်းကြည်သည် ထိုအမွေထိန်းလက်မှတ်စာအရ တရားမအထွေထွေမှုအမှတ် - ၂၀/၂၀၂၁ အရရောင်းချခွင့်ကိုဆက်လက်လျှောက်ထားခဲ့ရာ (၃-၁၂-၂၀၂၁)ရက်နေ့တွင် ရုံးတော်မှရောင်းချနိုင်ရန်အတွက် ရောင်းချခွင့်အမိန့်ထုတ်ပေးခဲ့ပါသည်။ ထိုအမိန့်အရ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၄၃/၂၀၂၂ အရ ဦးမင်းလွင်နှင့် ဒေါ်ကြည်ဝင်းတို့အား ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးမင်းလွင်နှင့် ဒေါ်ကြည်ဝင်းတို့သည် အထက်ဖော်ပြပါမြေကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ ဦးကျော်ဇေယျ၏သား တာမွေ အထက(၅)မှ မောင်ကျော်ဇေယျာလင်းအား မောင်ကျော်ကောင်းစံ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ကောင်းစံ**

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှသင်ခန်းစာ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မြိုင်မြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ Drone ယာဉ်ဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ငါးလသားအရွယ် အမြွာကလေးငယ် တစ်ဦး နှင့် အမျိုးသမီး တစ်ဦးသေဆုံး၊ ကျန်အမြွာကလေးငယ် တစ်ဦးနှင့် မိသားစုဝင် သုံးဦးဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၃

NUG ၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့၏ အစွန်းရောက်နိုင်ငံရေးအယူဝါဒများကို အခြေခံ၍ ဒေသအချို့၌ အစိုးရရုံး အဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံ၊ လမ်းတံတားများ၊ ဘုရားကျောင်းကန်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများနှင့် စေတီပုထိုးများ၊ ကျေးရွာနှင့် ပြည်သူလူထုအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား

*စာမျက်နှာ ၁၂ ကော်လံ ၁* ❑



ဒေသန္တရလုပ်ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိ/သေဆုံးခဲ့သည့် မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာနေ ရွာသူ ရွာသား အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေအိမ် မှတ်တမ်းဓာတ်ပုံ။

**ယနေ့ သတင်းအညွှန်း**

### မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

ပြည်တွင်းသတင်း စ၁-၁၂



### နမ့်ခမ်းမြို့၌ ငွေကျပ် သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စ၁-၁၇

## မြဝတီ - ရန်ကုန်ပွဲဖြင့် စတင်ဖွင့်လှစ်မည့် ၂၀၂၂ ရာသီ MNL ပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ကို ဇွန် ၂၅ ရက်မှစ၍ ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးကွင်း၌ စတင်ကျင်းပမည်ဖြစ်ပြီး ပထမဆုံးပွဲအဖြစ် မြဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၂၂ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အပါအဝင် ဟံသာဝတီ၊ ရှောဝတီ၊ ရန်ကုန်၊ မြဝတီ၊ မဟာယူနိုက်တက်၊ ရခိုင်ယူနိုက်တက်၊ ISPE (အားကာသိပ္ပံ)၊ GFA နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် ဇွန် ၂၅ ရက်တွင် မြဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇွန် ၂၆ ရက်တွင် ဟံသာဝတီအသင်းနှင့် ရှောဝတီအသင်း၊ ဇွန် ၂၇ ရက်တွင် မဟာယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇွန် ၂၉ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဇွန် ၃၀ ရက်တွင်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❇